ဓမ္မလမ်းစာစဉ်

# ခန္ဓာ

နှင့်

# နိယာမတရား(၅)ပါး



ဒေါက်တာစိုးလွင် (မန္တလေး)

(၁)

" နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ "
ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘတို့အား
ဤစာအုပ်ဖြင့် ကန်တော့ပါ၏။

# ခန္ဓာနှင့်
# နိယာမတရား (၅)ပါး

ဒေါက်တာစိုးလွင် (မန္တလေး)

# ဓမ္မလမ်းဝိပဿနာသင်တန်း
(5-days course on Vipassana)

## "မာတိကာ"


၁။ အခြေခံဉာဏ်နှစ်ပါး ၃
၂။ ရုပ်ပရမတ် ၃
၃။ နာမ်ပရမတ် (စေတသိက်ပိုင်း) ၈
၄။ နိယာမတရား (၅)ပါး ၁၄
၅။ ပဋိစ္စသမုပ္ပါဒ် ၃၃
၆။ ဝိဘဇ္ဇဝါဒ ၃၈
၇။ အာနန္ဒသုတ် ၄၁
၈။ ကစ္စာနဂေါတ္တသုတ် ၄၂

## “ ဝိပဿနာ၏ အခြေခံဉာဏ်နှစ်ပါး ”

၁။ နာမရူပပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်)

၂။ ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကိုသိမ်းဆည်းသောဉာဏ်)

နာမရူပပရိစ္ဆေဒဉာဏ် (နာမ်ရုပ်ကိုပိုင်းခြားသိသောဉာဏ်)သည် ဒိဋ္ဌိဟူသော (အယူမှား)ကိုပယ်ရန်အတွက်ဖြစ်ပြီး ရုပ်ပရမတ်၊ နာမ်ပရမတ်တို့ကို ခန္ဓာဉာဏ်ရောက်သိမ်းဆည်းတတ်ရပေမည်။ ပစ္စယပရိဂ္ဂဟဉာဏ်ဟူသော (အကြောင်း ကိုသိမ်းဆည်းတတ်သောဉာဏ်)သည် ဝိစိကိစ္ဆာကိုပယ်ရန် အတွက်ဖြစ်ပြီး ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးကို အနုတ္တ ဉာဏ်ဖြင့်သိမ်းဆည်းတတ်ရမည်။ ထိုဉာဏ်နှစ်ပါးသည် ဝိပဿနာအလုပ် အားထုတ်ရာတွင် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာတို့ကို ပယ်ရန်အတွက် အခြေခံသဘောတရား (၂)ခုဖြစ်ပါသည်။

## “ရုပ်၏သဘာဝလက္ခဏာနှင့်ဉာဏ်၏အာရုံ”

ရုပ်ဟူသည် အပူအအေးစသောဆန့်ကျင်ဘက်တရားတို့ကြောင့် ရှေးရုပ်အစဉ်နှင့်မတူသည့် နောက်ရုပ်အစဉ်၏ ထင်ထင်ရှားရှား ဖောက်ပြန်ပြောင်းလဲခြင်း လက္ခဏာရှိသောသဘောဖြစ်သည်။ ယင်းတွင် မဟာဘူတ

ဟုခေါ်သော အခြေခံဓာတ်ကြီးလေးပါးရှိ၏။ ပထဝီသည် မာခြင်းပျော့ခြင်း လက္ခဏာရှိသောသဘော၊ အာပေါသည် ဖွဲ့စည်းခြင်း ယိုစီးခြင်းလက္ခဏာ ရှိသောသဘော၊ တေဇောသည် ပူခြင်းအေးခြင်းလက္ခဏာရှိသောသဘော၊ ဝါယောသည် တွန်းတိုးခြင်း ထောက်ကန်ခြင်း လက္ခဏာရှိသောသဘော ဖြစ်သည်။

သဘာဝလက္ခဏာတို့ကိုဆင်ခြင်၍ ရုပ်ပရမတ်တို့ကို ဉာဏ်၏အာရုံ (ဓမ္မာရုံ)အနေဖြင့်သာ သိခွင့်ရခြင်း ဖြစ်သည်။ ဥပမာ ပလပ်ပေါက် (socket) အတွင်း လက်ထည့်၍မီးခလုပ်ဖွင့်ပါ။ တစ်ကိုယ်လုံး ကျင်တက်သွားပေမည်။ ကျင်မှုသည် လျှပ်စစ်ဓါတ်မဟုတ်ပါ။ ကျင်ခြင်းလက္ခဏာကိုဆင်ခြင်၍ လျှပ်စစ်ဓာတ်ရှိခြင်းကို ဉာဏ်၏(အာရုံ)အဖြစ် သိခွင့် ရခြင်းဖြစ်သည်။ သို့သော် **(အရှိနှင့်အသိ)**ကို ခွဲခြားမသိနိုင်သောကြောင့် မိမိသိရသည်မှာ ဝါယာကြိုး ထဲမှာရှိသော လျှပ်စစ်ဓာတ်ဟု အထင်မှားနေခြင်းဖြစ်သည်။ အမှန်မှာ လျှပ်စစ်ဓာတ်သည် ဝါယာကြိုးမှာရှိသော်လည်း သိခွင့်ရသည်မှာ ဆင်ခြင်၍ သိရသော ဓမ္မာရုံမှ**(အာရုံသဘော)**သာဖြစ်သည်။ ထို့ကြောင့် ဝိပဿနာ အရာတွင် **(ဝိညာဏ်ဖြင့်သိရသော အာရုံရုပ်၊ သဘောရုပ်)**ကိုသာ ရှုသိရခြင်းဖြစ်ပါသည်။

## "ကံ၊ စိတ်၊ ဥတု၊ အာဟာရ"

ရုပ်သည်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုသော အကြောင်းတရား (၄)ပါးတို့အပေါ်တွင် မှီနေရပြန်သည်။ ယင်းတို့ကို ရုပ်၏အကြောင်းတရား လေးပါးဟု ခေါ်သည်။ အကြောင်းတရားလေးပါးတွင် စိတ်ကြောင့်ဖြစ်သော ရုပ်ကို စိတ္တဇရုပ် (mind-born materiality)ဟုခေါ်၍ ယင်းရုပ်သည် စိတ်ပြောင်းတိုင်း လိုက်၍ပြောင်းနေသော ရုပ်ဖြစ်သည်။ ငိုချင်စိတ်ကြောင့် ငိုသည့်ရုပ်၊ ရီချင်စိတ်ကြောင့် ရီသည့်ရုပ်တို့ ဖြစ်ကြပါသည်။ ဥတုကြောင့်

ဖြစ်သော ရုပ်ကို ဥတုဇရုပ် (temperature-born materiality)ဟု ခေါ်သည်။ ပူသောဥတုကြောင့် ပူသည့်ရုပ်၊ အေးသော ဥတုကြောင့် အေးသည့် ရုပ်ဖြစ်ပေါ်ရသည်။ အာဟာရကြောင့်ဖြစ်သောရုပ်ကို အာဟာရဇရုပ် (nutrient-born materiality)ဟုခေါ်သည်။ အစာမစားရလျှင် ဆာသည့်ရုပ်၊ အစာဝလျှင် ပြည့်ဖြိုးသောရုပ်တို့ ဖြစ်ကြပါသည်။

## "ကံကြောင့်ဖြစ်သောရုပ်"

ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့တွင် ကံကြောင့်ဖြစ်သောရုပ် (kamma-born materiality)သည် အသိရ မလွယ်လှပါ။ အဘိဓမ္မာဒေသနာတွင် ကံကြောင့်ဖြစ်သောရုပ်သည် ပသာဒရုပ်ဟုခေါ်သော မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနော အကြည်တို့ ဖြစ်ကြပါသည်။ ယင်းအကြည်ရုပ်ကို နားလည်လွယ်အောင် ကြည့်မှန်နှင့်ဥပမာပေးရပါသည်။ မှန်သည် မျက်လုံးနှင့်တူ၏။ မှန်ပေါ်တွင် သုပ်ထားသောပြဒါးသည် အကြည်ရုပ်နှင့်တူသည်။ ထိုအခါ မှန်ကို လူနှင့် မျက်နှာချင်းဆိုင်လိုက်ပါက ပြဒါးကိုအမှီပြု၍ ပုံရိပ်ထင်သကဲ့သို့ မျက်စိ အကြည်ရုပ်ကို အမှီပြု၍ မြင်စိတ်ဖြစ်ပေါ်ရပါသည်။ ထိုသို့ မျက်စိအကြည် ရုပ်ကိုနားလည်ပါက နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ မနောတို့၏ အကြည်ရုပ် တို့သည်လည်း တစ်သဘောတည်းသာဖြစ်ကြပါသည်။ ယင်းအကြည်ရုပ် တို့သည် ကံကြောင့်သာဖြစ်ပေါ်နေရသဖြင့် ကံကုန်သောအခါ အကြည်ရုပ်တို့ ဖြစ်ပေါ်နိုင်ခြင်းမရှိတော့ပါ။ ထိုကြောင့် ကံကုန်၍သေဆုံးခြင်းသည် အကြည် ရုပ်တို့မဖြစ်ပေါ်နိုင်သောကြောင့် စိတ်တို့လည်း မဖြစ်ပေါ်နိုင်ပဲ ချုပ်ငြိမ်း ရခြင်းဖြစ်ပါသည်။

## "ရုပ် (၂၈)ပါး"

မဟာဘုတ် သို့မဟုတ် ဓာတ်ကြီး (၄)ပါး

၁။ ပထဝီဓာတ် - မာခြင်းပျော့ခြင်းလက္ခဏာရှိသောသဘော

၂။ အာပေါဓာတ် - ဖွဲ့စည်းခြင်းယိုစီးခြင်းလက္ခဏာရှိသောသဘော

၃။ တေဇောဓာတ် - ပူခြင်းအေးခြင်းလက္ခဏာရှိသောသဘော

၄။ ဝါယောဓာတ် -

တွန်းတိုးထောက်ကန်ခြင်းလက္ခဏာရှိသောသဘော

## ပသာဒရုပ် (၅)ပါး

၁။ စက္ခုပသာဒ (မျက်စိအကြည်)

၂။ သောတပသာဒ (နားအကြည်)

၃။ ဃာနပသာဒ (နှာခေါင်းအကြည်)

၄။ ဇိဝှာပသာဒ (လျှာအကြည်)

၅။ ကာယပသာဒ (ကိုယ်အကြည်)

## အာရုံရုပ် (၅)ပါး

၁။ ရူပါရုံ (စက္ခုဝိညာဏ်၏အာရုံ - အဆင်း)

၂။ သဒ္ဒါရုံ (သောတဝိညာဏ်၏အာရုံ - အသံ)

၃။ ဂန္ဓာရုံ (ဃာနဝိညာဏ်၏အာရုံ - အနံ့)

၄။ ရသာရုံ (ဇိဝှာဝိညာဏ်၏အာရုံ - ချို၊ ချဉ်၊ ငံ၊ စပ်၊ ဖန်၊ ခါးအရသာ)

၅။ ဖောဋ္ဌဗ္ဗာရုံ (ကာယဝိညာဏ်၏အာရုံ - ပထဝီ - မာပျော့၊ လေးပေါ့ ကြမ်းချော၊ တေဇော - ပူအေး၊ ဝါယော - တွန်းတိုး)

## ဘာဝရုပ် (၂)ပါး

၁။ ဣတ္ထိဘာဝရုပ် (မိန်းမဖြစ်ကြောင်းလက္ခဏာ)

၂။ ပုရိသဘာဝရုပ် ခေါ် ပုမ္ဘာဝရုပ် (ယောကျ်ားဖြစ်ကြောင်းလက္ခဏာ)

- ဟဒယဝတ္ထုရုပ် (၁)ပါး - မနောဝိညာဏ်၏မှီရာဝတ္ထု
- ဇီဝိတရုပ် (၁)ပါး - ကမ္မဇရုပ်တို့ကိုစောင့်ရှောက်ခြင်းသဘော
- အာဟာရရုပ် (၁)ပါး - အဆီအစေး ဩဇာသဘော

အထက်ဖော်ပြပါ**ရုပ် (၁၈)ပါးသည် ရုပ်အစစ်**များဖြစ်ကြသည်။

အောက်ဖော်ပြပါ**ရုပ် (၁၀)ပါးသည် ရုပ်အတု**များဖြစ်ကြပါသည်။

၁။ ကာယဝိညတ်ရုပ် (ကိုယ်အမူအရာ)

၂။ ဝစီဝိညတ်ရုပ် (နှုတ်အမူအရာ)

၃။ အာကာသဓာတ်ရုပ် (ရုပ်ကလပ်တစ်ခုနှင့် တစ်ခု ပိုင်းခြားထားသော အကြားအရပ်)

## ဝိကာရရုပ် (၃)ပါး (ကိုယ်အမူအရာအထူး)

၄။ လဟုတာ (ရုပ်တို့၏ပေါ့ပါးမှု)

၅။ မုဒုတာ (ရုပ်တို့၏နူးညံ့မှု)

၆။ ကမ္မညတာ (ရုပ်တို့၏ခံညားမှု)

## လက္ခဏာရုပ် (၄)ပါး

၇။ ဥပစယ (ဖြစ်ဆဲရုပ်)

၈။ သန္တတိ (တည်ဆဲရုပ်)

၉။ ဇရတာ (ရင့်ဆဲရုပ်)

၁၀။ အနိစ္စတာ (ပျက်ဆဲရုပ်)

## “ဘူတရုပ်နှင့်ဥပါဒါရုပ်”

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့သည် ဓမ္မသဘာဝသတ္တိကို မိမိ ကိုယ်တိုင်ဆောင်ထားတတ်သောကြောင့် ဓာတု (ဓာတ်)ဟုငှင်း၊ ဓာတ်ကြီး လေးပါးဟုငှင်းခေါ်၏။ အခြားသောရုပ်များထက် အထည်ကိုယ်ဒြပ်အားဖြင့် ကြီးကျယ် ထင်ရှားသောကြောင့် မဟာဘူတ (မဟာဘုတ်)ဟူ၍လည်းခေါ်၏။ ယင်းမဟာဘုတ်(၄)ပါးမှကြွင်းသော ရုပ်တရား (၂၄)ပါးကို ဓာတ်ကြီးလေးပါးကို မှီ၍ဖြစ်ရသောကြောင့် ဥပါဒါရုပ်ဟုခေါ်ဆို၏။

## “နာမ်၏သဘာဝလက္ခဏာနှင့်ဉာဏ်၏အာရုံ”

နာမ်တရားသည် အာရုံသို့ ရှေးရှုညွတ်ခြင်းလက္ခဏာရှိ၏။ နာမ်တရား တွင် စိတ်နှင့်စေတသိက်တရားနှစ်မျိုး ပါဝင်၏။ စိတ်သည် အာရုံကိုသိခြင်း လက္ခဏာရှိသောသဘောဖြစ်၏။ ဝိညာဏ်ဟူ၍လည်းခေါ်၏။ စေတသိက်သည် စိတ်ကိုမှီတွယ်၍ စိတ်ကိုခြယ်လှယ်ခြင်း လက္ခဏာရှိသော သဘောဖြစ်၏။ စေတသိက် (၅၂)ပါးရှိ၏။ ဝေဒနာနှင့်သညာ စေတသိက်တို့မှကြွင်းသော ကျန်စေတသိက်(၅၀)ကို သင်္ခါရစေတသိက်ဟုခေါ်၏။

ထို့ကြောင့် နာမ်တရားလေးပါးတွင် ဝေဒနာသည် အာရုံကို ခံစားခြင်း လက္ခဏာရှိသောသဘော၊ သညာသည် အာရုံကိုမှတ်သားခြင်း လက္ခဏာ ရှိသောသဘော၊ သင်္ခါရသည် အာရုံကိုစေ့ဆော်အားထုတ်ခြင်း လက္ခဏာ ရှိသော သဘော၊ ဝိညာဏ်သည် အာရုံကိုသိခြင်း လက္ခဏာရှိသောသဘော ဖြစ်သည်။ လက္ခဏာကိုဆင်ခြင်၍ ဉာဏ်၏အာရုံ (mind object) ဖြစ်သည့် ဓမ္မာရုံအနေဖြင့် နာမ်တရားတို့ကို သိခွင့်ရခြင်းဖြစ်ပါသည်။

## “နာမ်တရားတို့ဖြစ်ပေါ်ပုံ”

စက္ခုဒွါရ + ရူပါရုံ - စက္ခုဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ
သောတဒွါရ + သဒ္ဒါရုံ - သောတဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ
ဃာနဒွါရ + ဂန္ဓာရုံ - ဃာနဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ
ဇိဝှာဒွါရ + ရသာရုံ - ဇိဝှာဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ
ကာယဒွါရ + ဖောဋ္ဌဗ္ဗာရုံ - ကာယဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ
မနောဒွါရ + ဓမ္မာရုံ - မနောဝိညာဏ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ

နာမ်တရားတို့သည် အာရုံနှင့်ဒွါရတို့ တွေ့ဆုံထိခိုက်သောကြောင့် မရှိရာမှ အသစ်ဖြစ်ပေါ်လာကြခြင်းဖြစ်သည်။ ဒွါရဟူသည် နာမ်တရားတို့၏ဝင်ထွက်ရာ တံခါးပေါက်ဖြစ်သည်။ ဒွါရ (၆)ခုရှိသည်။ ယင်းတို့မှာ မျက်စိ၊ နား၊ နှာ၊လျှာ၊ ကိုယ်၊ မနောတို့ဖြစ်ကြသည်။ အာရုံဟူသည် စိတ်စေတသိက်တို့၏ ကျက်စားရာ ဖြစ်သည်။ အာရုံ (၆)ပါးရှိ၏။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့ဖြစ်ကြသည်။

ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံဟူသော အာရုံ(၅)မျိုးတို့တွင် အာရုံတစ်မျိုးသည် ဒွါရနှစ်ခု၌ ပြိုင်တူထင်လေ့ရှိ၏။

၁။ ရူပါရုံ (အဆင်း)သည် စက္ခုဒွါရ (မျက်စိ)ကို ရိုက်ခတ်ပြီး၍ ထိုခဏ၌ပင် မနောဒွါရ၌ထင်လာ၏။

၂။ သဒ္ဒါရုံ (အသံ)သည် သောတဒွါရ (နား)ကို ရိုက်ခတ်ပြီး၍ ထိုခဏ၌ပင် မနောဒွါရ၌ထင်လာ၏။

၃။ ဂန္ဓာရုံ (အနံ့)သည် ဃာနဒွါရ (နှာခေါင်း)ကို ရိုက်ခတ်ပြီး၍ ထိုခဏ၌ပင် မနောဒွါရ၌ထင်လာ၏။

၄။ ရသာရုံ (အရသာ)သည် ဇိဝှာဒွါရ (လျှာ)ကို ရိုက်ခတ်ပြီး၍
ထိုခဏ၌ပင် မနောဒွါရ၌ထင်လာ၏။

၅။ ဖောဋ္ဌဗ္ဗာရုံ (အထိ)သည် ကာယဒွါရ (ကိုယ်)ကို ရိုက်ခတ်ပြီး၍
ထိုခဏ၌ပင် မနောဒွါရ၌ထင်လာ၏။

လောကဥပမာအားဖြင့် ငှက်တစ်ကောင်သည် သစ်ပင်ထက်ဖျား၌ ပျံ၍ရာမှနားစဉ်ကာလမှာပင် သစ်ကိုင်းကိုလည်း ထိခိုက်မိ၍ ငှက်၏အရိပ်သည်လည်း မြေကြီး၌ထင်၏။ ဤဥပမာအတူပင် ပဉ္စဒွါရုံ(ပွန်ရုပါရုံ)သည် စက္ခုအကြည်ကို ရိုက်ခတ်ပြီး မနောဒွါရ၌ထင်လာခြင်းသည် တစ်ချိန်တည်းမှာပင် ဖြစ်ပေါ်လာ၏။

၆။ သုဒ္ဓမနောဒွါရ၌ကား အကြည်ဓာတ်တို့၏ထိခိုက်မှုကိစ္စ မရှိကြတော့ပေ။ ဓမ္မာရုံအမည်ရသော တရားစုတို့သည် မနောဒွါရ၌ ထင်လာကြကုန်၏။ ထိုမနောဒွါရ၌ ထင်လာသောတရားစုတို့ကို ဓမ္မာရုံဟု ခေါ်ဆိုရလေသည်။

**“ဓမ္မာရုံတရား (၆)မျိုးရှိ၏။”**

၁။ **ပသာဒရုပ်** - အကြည်ရုပ် (၅)ပါး
၂။ **သုခုမရုပ်** - သိမ်မွေ့သောရုပ် (၁၆)ပါး
၃။ **စိတ်** - ဝိညာဏ် (၆)ပါးပါဝင်သောစိတ် (၈၉)ပါး
၄။ **စေတသိက်** - ဝေဒနာ၊ သညာ၊ သင်္ခါရ (စေတသိက် - ၅၀)
၅။ **နိဗ္ဗာန်** - အသင်္ခတ အငြိမ်းဓာတ် နိဗ္ဗာန်
၆။ **ပညတ်** - ကသိဏ်းပညတ်၊ အမည်ပညတ်၊ ပုံသဏ္ဌာန်ပညတ် စသည့်ပညတ်အမျိုးမျိုးတို့ဖြစ်ကြ၏။

## "စေတသိက် (၅၂)ပါး"

## စိတ်ဖြစ်တိုင်းပါသောစေတသိက် (၇)ပါး

## (သဗ္ဗစိတ္တသာဓာရဏစေတသိက်)

၁။ ဖဿ(တွေ့ထိခြင်း) ၂။ ဝေဒနာ(ခံစားခြင်း) ၃။ သညာ(မှတ်သားခြင်း) ၄။ စေတနာ(စေ့ဆော်ခြင်း) ၅။ မနသိကာရ(နှလုံးသွင်းခြင်း) ၆။ ဧကဂ္ဂတာ (တည်ကြည်ခြင်း) ၇။ ဇီဝိတ(နာမ်တရားကိုစောင့်ရှောက်ခြင်း)

မျက်စိ + အဆင်း ⟶ မြင်စိတ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ (စေတနာ)

(ဖဿ၊ မနသိကာရ၊ ဧကဂ္ဂတာ၊ ဇီဝိတ)

## ကုသိုလ်အကုသိုလ်နှစ်မျိုးလုံးနှင့်ယှဉ်သောစေတသိက် (၆)ပါး

## (ပကိဏ်းစေတသိက်)

၁။ ဝိတက်(အာရုံသို့တင်ပေးခြင်း) ၂။ ဝိစာရ(သုံးသပ်ခြင်း) ၃။ အဓိမောက္ခ(ဆုံးဖြတ်ခြင်း) ၄။ ဝီရိယ(ထောက်ပံ့ခြင်း) ၅။ ပီတိ(နှစ်သက်ခြင်း) ၆။ ဆန္ဒ(ပြုလိုကာမျှဖြစ်ခြင်း)

## "အကုသိုလ်စေတသိက် (၁၄)ပါး"

၁။ လောဘ(တပ်မက်ခြင်း) ၂။ ဒိဋ္ဌိ (အယူမှားခြင်း) ၃။ မာန(ထောင်လွှားခြင်း) ၄။ ဒေါသ(ပြစ်မှားခြင်း) ၅။ ဣဿာ (ငြူစူခြင်း) ၆။ မစ္ဆရိယ (ဝန်တိုခြင်း) ၇။ ကုက္ကုစ (တဖန်ပူပန်ခြင်း) ၈။ မောဟ (တွေဝေခြင်း) ၉။ ဥဒ္ဓစ္စ (ပျံ့လွင့်ခြင်း) ၁၀။ အဟိရီက(မကောင်းမှုမှ မရှက်ခြင်း) ၁၁။ အနောတ္တပ္ပ (မကောင်းမှုကိုမကြောက်ခြင်း) ၁၂။ ထိန (ထိုင်းခြင်း) ၁၃။ မိဒ္ဓ (မှိုင်းခြင်း) ၁၄။ ဝိစိကိစ္ဆာ (သံသယရှိခြင်း)

သောတာပန်ပုဂ္ဂိုလ်တွင် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာတို့ကို အကြွင်းမဲ့ပယ်ပြီး အပယ်သို့ ပစ်ချနိုင်သော ကုက္ကုစ္စ မစ္ဆရိယ အဟိရိက အနောတ္တပ္ပ စသော အကုသိုလ် စေတသိက်တို့ကိုလည်း ပယ်နိုင်လေသည်။ သကဒါဂါမ်ပုဂ္ဂိုလ်တွင် ရုန့်ရင်းသော ကာမရာဂ (လောဘ)နှင့် ရုန့်ရင်းသောဒေါသကို ပယ်ပြီးဖြစ်သည်။ အနာဂမ် ပုဂ္ဂိုလ်တွင် သိမ်မွေ့သောကာမရာဂ (လောဘ)၊ သိမ်မွေ့သောဒေါသ၊ ကုက္ကုစ္စ မစ္ဆရိယနှင့် ကုက္ကုစ္စတို့ကိုအကြွင်းမဲ့ပယ်ပြီးဖြစ်သည်။ ရဟန္တာပုဂ္ဂိုလ်တွင် ရူပအရူပ ဘဝရာဂ(လောဘ)၊ မာန၊ မောဟ၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပနှင့် ထိနမိဒ္ဓစသော ကိလေသာအားလုံးတို့ကို အကြွင်းမဲ့ပယ်ပြီးဖြစ်လေသည်။

## **"ကောင်းသောစေတသိက် (၂၅)ပါး"**
## **(သောဘဏစေတသိက်)**

၁။ အလောဘ ၂။ အဒေါသ (မေတ္တာ) ၃။ အမောဟ (ပညာ) ၄။ သဒ္ဓါ ၅။ သတိ ၆။ ဟိရီ ၇။ သြတ္တပ္ပ၈။ ကရုဏာ ၉။ မုဒိတာ ၁၀။ ဥပေက္ခာ ၁၁။ သမ္မာဝါစာ ၁၂။ သမ္မာကမ္မန္တ ၁၃။ သမ္မာအာဇီဝ

၁၄။ ကာယပဿဒ္ဓိ ၁၅။ စိတ္တပဿဒ္ဓိ (ငြိမ်းအေးမှု)
၁၆။ ကာယလဟုတာ ၁၇။ စိတ္တလဟုတာ (ပေါ့ပါးမှု)
၁၈။ ကာယမုဒုတာ ၁၉။ စိတ္တမုဒုတာ (နူးညံ့မှု)
၂၀။ ကာယကမ္မညတာ ၂၁။ စိတ္တကမ္မညတာ (ခံ့ညားမှု)
၂၂။ ကာယပါဂုညတာ ၂၃။ စိတ္တပါဂုညတာ (ကျွမ်းကျင်မှု)
၂၄။ ကာယုဇုကတာ ၂၅။ စိတ္တုဇုကတာ (ဖြောင့်မတ်မှု)

## **"မဂ္ဂင် (၈)ပါး" (မဂ္ဂသစ္စာ - မဇ္ဈိမပဋိပဒါအကျင့်)**

၁။ သမ္မာဒိဋ္ဌိ (အမောဟ - ပညာစေတသိက်)
၂။ သမ္မသင်္ကပ္ပ (နေက္ခမဝိတက်၊ အဗျာပါဒဝိတက်၊ အဝိဟိံသဝိတက်)

၃။ သမ္မာဝါစာ (ဝိရတီစေတသိက်)

၄။ သမ္မာကမ္မန္တ (ဝိရတီစေတသိက်)

၅။ သမ္မာအာဇီဝ (ဝိရတီစေတသိက်)

၆။ သမ္မာဝါယာမ (ဝီရိယ)

၇။ သမ္မာသတိ (သတိ)

၈။ သမ္မာသမာဓိ (ဧကဂ္ဂတာ)

## "သူတော်ကောင်းတရား ဥစ္စာ(၇)ပါး"

| | | |
|---|---|---|
| ၁။ သဒ္ဓါ | - ရတနာသုံးပါး၊ ကံနှင့်ကံ၏အကျိုးကိုယုံကြည်မှု | ၁။ သဒ္ဓါ |
| ၂။ သီလ | - ဝါရိတ္တသီလ၊ စာရိတ္တသီလ | ၂။ သတိ |
| ၃။ သုတ | - ဒေသနာဗဟုသုတ | ၃။ သုတ |
| ၄။ စာဂ | - စွန့်ကြဲပေးကမ်းမှု | ၄။ဝီရိယ |
| ၅။ ပညာ | - ဝိပဿနာပညာ၊ မဂ်ပညာ | ၅။ပညာ |
| ၆။ ဟိရီ | - မကောင်းပြုရမှာကိုရှက်ခြင်း | ၆။ ဟိရီ |
| ၇။ ဩတ္တပ္ပ | - မကောင်းမှုပြုရမှာကိုကြောက်ခြင်း | ၇။ဩတ္တပ္ပ |

## "နိယာမတရား (၅)မျိုး"

"မြဲသော ပရမတ္ထသဘာဝကို နိယာမဟုခေါ်၏" အကြောင်းအကျိုးဆိုသော အနတ္တသဘာဝကို နားလည် လွယ်ကူရန် အောက်ဖော်ပြပါ နိယာမ သဘောတရားတို့ကို သိထားသင့်သည်။ သဘာဝနိယာမတရား (၅)မျိုးရှိ၏။ ၄င်းတို့သည် လောကအတွင်းတွင် လောကနိယာမအနေဖြင့်၄င်း၊ လောကအလွန်တွင် လောကုတ္တရာနိယာမအနေဖြင့်၄င်း တည်ရှိကြ၏။

| | (လောကနိယာမ) | (လောကုတ္တရာနိယာမ) |
|---|---|---|
| ၁။ ဓမ္မနိယာမ | - အကြောင်းအကျိုးရှိ၏။ | - အကြောင်းအကျိုးမရှိ။ |
| ၂။ ကမ္မနိယာမ | - ကုသိုလ်အကုသိုလ်ရှိ၏။ | - ကုသိုလ်အကုသိုလ်မရှိ။ |
| ၃။ စိတ္တနိယာမ | - စုတိ-ပဋိသန္ဓေ(ဘဝ)ရှိ၏။ | -စုတိ-ပဋိသန္ဓေ(ဘဝ)မရှိ။ |
| ၄။ ဗီဇနိယာမ | - လူ၊နတ်၊ဗြဟ္မာ၊အပါယ်ခန္ဓာရှိ၏။ | - ခန္ဓာမရှိ။ |
| ၅။ ဥတုနိယာမ | - အို၊ နာ၊ သေရှိ၏။ | - အို၊ နာ၊ သေမရှိ။ |

## " ဓမ္မနိယာမ "

- အကြောင်းပြည့်စုံလျှင် အကျိုးသည် ဓမ္မနိယာမအရဖြစ်ရစမြဲ။

- အကျိုးသည်လည်း အကြောင်းကင်း၍ ဖြစ်ရိုးထုံးစံမရှိ။
- အကြောင်းကင်းသည်နှင့် အကျိုးသည်ချုပ်စမြဲ။

အကြောင်းအကျိုးဆက်နွယ်မှုနှင့်ပတ်သတ်၍ အတ္တနယ(၄)နည်းရှိ၏။

## (၁) ဧကတ္တနည်း

ဧကတ္တနည်းသည် အကြောင်းတရားကြောင့် အကျိုးတရားသည် ဖြစ်ပေါ်လာသော်လည်း အကျိုး တရားသည် အကြောင်းတရားမှ မွေးထုတ်လိုက်သကဲ့သို့ တိုက်ရိုက်ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ အကျိုးတရားသည် သူ့သဘော သူဆောင်ပြီး မရှိရာမှ အသစ်ဖြစ်ပေါ်လာခြင်းဖြစ်သော်လည်း အကြောင်းတရားနှင့်ကင်းပြီး မဖြစ်ပေါ်နိုင်ချေ။ အကြောင်းတရားတို့ ပြည့်စုံလာသောအခါ အကျိုးတရားသည် သူ့သဘောသူဆောင်ပြီး အသစ်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ထို့ကဲ့သို့ အကြောင်းတရားနှင့်အကျိုးတရားသည် သီးခြားစီဖြစ်သော်လည်း အကြောင်းအကျိုးသည် တစ်ဆက်တည်းသဘော တစ်ခုတည်းသဘောဖြစ်ကြလေသည်။ ဥပမာ အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုးတရား၊ ပစ္စုပ္ပန်အကြောင်းတရားနှင့် အနာဂါတ်အကျိုးတရားတို့သည် ကြောင်းကျိုးဆက်နွှယ်လျှက် တစ်ဆက်တစ်စပ်တည်း အစဉ်မပြတ်ဖြစ်ပေါ်နေကြသည်။ ထို့ကြောင့် ကြိုးတစ်ချောင်းတွင် ပန်းသီထားသကဲ့သို့ ရုပ်နာမ်အစဉ်၏ **(မပြတ်စဲခြင်းသဘော)**ကို ထိုးထွင်းသိမြင်သဖြင့် ဘဝသည် ပုခက်နှင့်အခေါင်းကြားမှာသာရှိ၍ သေလျှင်ပြတ်၏ဟု စွဲယူထားသော **(ဉစ္ဆေဒဒိဋ္ဌိ)**အယူမှားကြီးကိုပယ်စွန့်နိုင်ပေမည်။

## (၂) နာနတ္တနည်း

အကြောင်းပြည့်စုံလျှင် အကျိုးသည် ဖြစ်စမြဲ။ ဓမ္မနိယာမဖြစ်၏။ သို့သော်

အကြောင်းနှင့်အကျိုးတို့သည် သဘာဝလက္ခဏာအားဖြင့် မတူကွဲပြား ခြားနားမှုရှိသည်ဟု သိခြင်းဖြစ်သည်။ ဥပမာ - မျက်စိနှင့်အဆင်းဆိုသော အကြောင်းတရားသည် (ရုပ်)ဖြစ်၍ မြင်ခြင်းဆိုသော အကျိုးတရားသည် (နာမ်)ဖြစ်၏။ ထို့ကြောင့် အကြောင်းနှင့် အကျိုးသည် အစဉ်မပြတ် တစ်ဆက်တစ်စပ်တည်းဖြစ်ပေါ်နေကြသော်လည်း အကြောင်းရုပ်နှင့် အကျိုးနာမ်သည် သဘာဝမတူညီကြချေ။ ထိုသို့ အကြောင်းနှင့် အကျိုးတို့၏ **(မတူသည့်သဘော)**ကိုသိမြင်ပါက အတ္တသည် မပြောင်းမလဲ မြဲနေသည်ဟု စွဲယူထားသော**(သဿတဒိဋ္ဌိ)**အယူမှားကြီးကို ပယ်စွန့်နိုင်လေသည်။

## (၃) အဗျာပါရနည်း

အကြောင်းတရားသည် အကျိုးတရားကိုဖြစ်ပေါ်အောင် ပြုလုပ်မည်ဟူသော အားထုတ်မှု ဗျာပါရမရှိသကဲ့သို့ အကျိုးတရားသည်လည်း အကြောင်းတရားထင်ရှားရှိသော် ဖြစ်ပေါ်လိုက်မည်ဟူသော အားထုတ်မှု ဗျာပါရသဘော လည်းမရှိပါ။ ယင်းကဲ့သို့ ကြောင်းကြဗျာပါရကင်းမှုသဘောသည် အဗျာပါရ ပင်ဖြစ်ပါသည်။

အကြောင်းတရားသည် အကျိုးတရားကို ကိုယ်ဝန်ဆောင်ရခြင်း ဗျာပါရမရှိသလို၊ အကျိုးတရားသည်လည်း အကြောင်းတရားကိုယ်ဝန်မှ မွေးဖွားခြင်းဆိုသော အားထုတ်မှု ဗျာပါရသဘောလည်းမရှိပါ။ အကြောင်း ပြည့်စုံသည်နှင့် အကျိုးတို့ဖြစ်ပေါ်ခြင်းသည် သဘာဝ ဓမ္မနိယာမမျှသာ ဖြစ်သည်။ ဥပမာ မျက်စိနှင့်အဆင်းတိုက်ဆိုင်သည့် အကြောင်းရှိလျှင် မြင်ခြင်းအကျိုးသည် ဓမ္မနိယာမအရ သဘာဝအတိုင်းဖြစ်ပေါ်လာ၏။ အကျိုး ဖြစ်ပေါ်ရန်အတွက် ဗျာပါရ စိုက်စရာမလိုပါ။ သူသဘောသူဆောင်ကာ မရှိရာမှ အသစ်ဖြစ်ပေါ်လာ၏။ စိတ်ကြောင့် စိတ္တဇရုပ်တို့ ဖြစ်ပေါ်လာ၏။

ယင်းကို အကြောင်းအကျိုးဟု အဗျာပါရနည်းအရမသိသောကြောင့် ငါသွားတယ်။ ငါလုပ်တယ်။ ငါထိုင်တယ်ဟူသော **(သက္ကာယဒိဋ္ဌိ)**အယူ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ **(ပြုလုပ်သူ ခံစားသူဟူသော ပုဂ္ဂိုလ်သတ္တဝါအယူ)** ဖြစ်ပေါ် လာသည်။ စိတ်နှင့်စိတ္တဇရုပ်တို့၏ ဆက်နွယ်မှု အဗျာပါရသဘောကို သိမြင်နားလည်လျှင် သက္ကာယဒိဋ္ဌိကို အသိဖြင့်ဦးစွာ ဖြုတ်နိုင်ပါသည်။ လှုပ်သောစိတ်သည် အကြောင်းတရားအဖြစ် ထင်ရှားဖြစ်ပေါ်သည်နှင့် လှုပ်သည့်ရုပ်သည် အကျိုး တရားအဖြစ် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာ၏။ **(ပုဂ္ဂိုလ်အလို)**အတိုင်းဖြစ်သည့် သဘောမျိုးမရှိပါ။

## (၄) ဧဝံဓမ္မတာနည်း

အကြောင်းရှိ၍ အကျိုးဖြစ်ပေါ်ရာတွင်လည်း အကျိုးတရားသည် **(အကြောင်းအားလျော်စွာ)**ဖြစ်ပေါ်ရ၏။ ဖြစ်ချင်သလို၊ ဗရမ်းဗဒါ ဖြစ်ပေါ်ခြင်းမရှိ။ အကြောင်းနှင့်လျော်ညီသော အကျိုးသာဖြစ်ပေါ်ပါသည်။ ဥပမာ မျက်စိနှင့် အဆင်းတိုက်မှုကြောင့် မြင်မှုသာဖြစ်ပေါ်၏။ ကြားမှု၊ နံမှုစသည်တို့ မဖြစ်ပေါ်နိုင်ချေ။ အကျိုးတရားတို့သည် အကြောင်း အားလျော်စွာသာဖြစ်ကြသဖြင့် ကုသိုလ်ကံကြောင့် သုဂတိဘုံ၌ဖြစ်၍ အကုသိုလ်ကံကြောင့် ဒုဂ္ဂတိဘုံ၌ဖြစ်ရ၏။ အလိုလိုဖြစ်တာမဟုတ်သလို ဖန်ဆင်းခြင်းကြောင့်ဖြစ်သည်လည်းမဟုတ်ပါ။

အထက်ပါ (၄)နည်းဖြင့် အကြောင်းနှင့်အကျိုးတို့သည် ဓမ္မနိယာမ သဘာဝအတိုင်း ဖြစ်ပေါ်နေသည်ကို သိမြင်လက်ခံခြင်းအားဖြင့် ဗုဒ္ဓဘုရားရှင်၏အနတ္တအမြင်ဖြင့် အရိယသစ္စာအား ထိုးထွင်းသိမြင်နိုင်ခြင်းကို သဘောပေါက် နားလည်နိုင်ပေမည်။

၁။ ကံကြောင့် ကမ္မဇရုပ်သည် ဓမ္မနိယာမအတိုင်းဖြစ်ပေါ်၏။

၂။ စိတ်ကြောင့် စိတ္တဇရုပ်သည် ဓမ္မနိယာမအတိုင်းဖြစ်ပေါ်၏။

၃။ ဥတုကြောင့် ဥတုဇရုပ်သည် ဓမ္မနိယာမအတိုင်းဖြစ်ပေါ်၏။

၄။ အာဟာရကြောင့် အာဟာရဇရုပ်သည် ဓမ္မနိယာမအတိုင်း ဖြစ်ပေါ်၏။

ကုသိုလ်လည်းမဟုတ်၊ အကုသိုလ်လည်းမဟုတ်သော အဗျာကတ (ကြိယာသဘော)ကြောင့် ကိလေသပရိနိဗ္ဗာန်သည် ဓမ္မနိယာမအတိုင်း ဖြစ်ပေါ်၏။ ထို့ကြောင့် နိဗ္ဗာန်သည်လည်း နိယာမတရားတစ်ခုပင် ဖြစ်လေသည်။

## "အကြောင်းအကျိုးနှင့်နည်း(၄)နည်း"

၁။ မျိုးစေ့နှင့်အပင်၊ အပင်နှင့်အသီးအပွင့်၊ သစ်ပင်တစ်ပင်၏ **(တစ်ခုတည်း)** သောသဘောသည် ဧကတ္တ။

၂။ မျိုးစေ့နှင့်အပင်၊ အပင်နှင့်အသီးအပွင့် **(မတူညီခြင်း)**သည် နာနတ္တ။

၃။ မျိုးစေ့နှင့်အပင်၊ အပင်နှင့်အသီးအပွင့် **(သူ့သဘောသူဆောင်)** ဖြစ်ခြင်းသည် အဗျာပါရ။

၄။ သရက်စေ့ကသရက်ပင်၊ သရက်ပင်ကသရက်သီး **(အကြောင်းအားလျော်စွာ)**ဖြစ်ခြင်းသည် ဧဝံဓမ္မတာ။

ထို့အတူ အရင်ဘဝနှင့်ဒီဘဝ၊ ဒီဘဝနှင့်နောင်ဘဝတို့သည်လည်း အကြောင်းနှင့်အကျိုးဆိုသော ဓမ္မနိယာမအတိုင်း ဖြစ်ပေါ်နေခြင်းမျှသာ ဖြစ်ပါသည်။

## **"ကမ္မနိယာမ"**

တရားအားထုတ်သူတို့သည် ကံနှင့်ကံ၏အကျိုးတရားကို တစ်စိတ်တစ်ဒေသအားဖြင့် သိမြင်နားလည်အောင် ကြိုးစားအားထုတ်ခြင်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကိုရရှိရန် အထောက်အကူပြုနိုင်ပေသည်။

### **"အကျိုးပေးရာကာလနှင့်စပ်၍ ကံ(၄)မျိုး" (ပါကကာလ)**

### **(၁) ဒိဋ္ဌဓမ္မဝေဒနိယကံ (ယခုဘဝအကျိုး)**

မျက်မှောက်ဘဝ၌ အကျိုးပေးသောကံဖြစ်သည်။ တစ်ခုသောဇောဝီထိအတွင်း၌ ဇော(၇)ကြိမ်တို့တွင် **(ပထမဇော)** နှင့်ယှဉ်သော စေတနာသည် ဒိဋ္ဌဓမ္မဝေဒနိယကံမည်၏။ **(ကုသိုလ်စေတနာရော အကုသိုလ် စေတနာရော)** ဖြစ်နိုင်၏။ ဤပစ္စုပ္ပန်ဘဝ၌သာလျှင် အကျိုးပေး၏။ ဤဘဝ၌ အကျိုးမပေးခဲ့သော် အဟောသိကံဖြစ်၍အကျိုးမပေးတော့ချေ။

### **(၂) ဥပပဇ္ဇဝေဒနိယကံ (ဒုတိယဘဝအကျိုး)**

ဒုတိယဘဝ၌ အကျိုးပေးသောကံဖြစ်သည်။ ဇောဝီထိအတွင်း၌ **(သတ္တမဇော)**နှင့်ယှဉ်သော စေတနာသည် ဥပပဇ္ဇဝေဒနိယကံမည်၏။ ဒုတိယဘဝ၌ အကျိုးမပေးခဲ့သော် အဟောသိကံဖြစ်၏။

### **(၃)အပရာပရိယဝေဒနိယကံ(တတိယဘဝမှ နိဗ္ဗာန်အထိ)**

တတိယဘဝမှစ၍ အကျိုးပေးသောကံဖြစ်သည်။ဇော (၇)ကြိမ်တွင် ပထမဇောနှင့်သတ္တမဇောတို့အကြားရှိ**(အလယ်ဇောငါးချက်)**နှင့် ယှဉ်သော စေတနာသည် အပရာပရိယဝေဒနိယကံမည်၏။ ဤကံသည် တတိယ ဘဝမှစ၍ နိဗ္ဗာန်ရောက်သည်အထိ အကျိုးပေး၏။ သံသရာဟူသော မပြတ်မစဲဖြစ်ခြင်းသည် ထင်ရှားရှိလတ်သော် အဟောသိကံမည်သည် မဖြစ်စကောင်းပေ။

## (၄) အဟောသိကံ

အကျိုးမပေးသောကံဖြစ်သည်။ ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ဘဝကို လွန်သော် အဟောသိကံဖြစ်၏။ ဥပပဇ္ဇ ဝေဒနီယကံသည်လည်း ဒုတိယ ဘဝကိုလွန်သော် အဟောသိကံဖြစ်၏။

### “အကျိုးပေးရာအစဉ်အားဖြင့်ကံ(၄)မျိုး” (ပါကဒါနပရိယာယ)

## (၁) ဂရုကံ

အားကြီးသောကံဖြစ်သည်။ တစ်ပါးသောကံက မတားမြစ်နိုင်ပဲ စုတိ၏ အခြားမဲ့၌ **(ရှေးဦးစွာအကျိုးပေး၏။)** ကုသိုလ်ရော၊ အကုသိုလ်ရောဖြစ်နိုင်၏။ ကုသိုလ်အရာ၌လည်း အလွန်အာနုဘော်ကြီးသော **(မဟဂ္ဂုတ်ကံ)** သာလျှင် ရှေးဦးစွာအကျိုးပေး၏။ အကုသိုလ်အရာ၌လည်း **(ပဉ္စာနန္တရိယကံနှင့်နိယတမိစ္ဆာဒိဋ္ဌိကံ)**များသည် အလွန်အပြစ်ကြီးသောကြောင့် ပထမ ဦးစွာအကျိုးပေး၏။

## (၂) အာသန္နကံ

သေခါနီး၌ ပြုအပ်သောကံဖြစ်သည်။ သေခါနီးကာလ မရဏာသန္နအခါ၌ ပြုလုပ်သောကံကို ထိုသူသည် အဖန် တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်ပါမူ ထိုကံကသာလျှင် အကျိုးကိုဖြစ်စေ၏။ ထိုကံသည် **(မရဏာသန္နဇော၏ အာရုံ)**အဖြစ် ထင်ထင်ရှားရှားပေါ် နေသဖြင့် ထိုကံကအကျိုးပေးတော့၏။ ဂရုကံမရှိလျှင် ဦးစွာအကျိုးပေးနိုင်သောကံဖြစ်၏။

## (၃) အာစိဏ္ဏကံ (ဗဟုလကံ)

အကြိမ်များစွာပြုအပ်သောကံဖြစ်သည်။ ထိုကံတို့တွင် ကောင်းသော အမှုလည်းရှိ၏။ မကောင်းသောအမှုလည်း ရှိ၏။ အကြိမ်များစွာ ထုံထားသော ကံဖြစ်လျှင် ဂရုကံနှင့်အာသန္နကံမရှိလျှင် နောက်ဘဝအတွက်အကျိုးကို

ဖြစ်စေ၏။

## (၄) ကဋတ္တာကံ

ပြုကာမျှဖြစ်သောကံဖြစ်သည်။ ဂရုကံ၊ အာသန္နကံနှင့် အာစိဏ္ဏကံ (၃)မျိုးတို့မှလွတ်သော အဖန်ဖန်အထပ်ထပ် ရအပ်သော၊ ဤဘဝ၌ဖြစ်စေ၊ ရှေးဘဝများစွာ၌ဖြစ်စေ ပြုကာမျှဖြစ်သောကံသည် ကဋတ္တာကံမည်၏။ အထက်ပါကံ (၃)မျိုး မရှိလတ်သော် ဤကဋတ္တာကံသည် ပဋိသန္ဓေ အကျိုးကို ဖြစ်စေ၏။

(သဂြိုလ်ကျမ်း၌အထက်ပါအစဉ်အတိုင်းဖြစ်၍ ဝိသုဒ္ဓိမဂ်၌ အာစိဏ္ဏကံကို နံပါတ်(၂)အရာ၌ထား၏)

## “ကိစ္စနှင့်စပ်၍ကံ(၄)မျိုး”

## (၁) ဇနကကံ

**(ပဋိသန္ဓေ)**အခါနှင့် **(ပဝတ္တိ)**အခါ၌ အကျိုးကိုပေးသောကံကို ဇနကကံဟုခေါ်သည်။ ကုသိုလ်လည်းဖြစ်နိုင်၏။ အကုသိုလ်လည်းဖြစ်နိုင်၏။

## (၂) ဥပတ္ထမ္ဘကကံ

အကျိုးတရားကို မိမိကိုယ်တိုင်က တိုက်ရိုက်မဖြစ်စေနိုင်ချေ။ သို့သော် အခြားတစ်ပါးသောကံကို **(အကျိုးပေးခွင့်ရအောင်)**၊ အကျိုးပေးခွင့် ရနေပြန်လျှင်လည်း အကျိုးပေးသန်အောင်၊ ထိုအကျိုးကိုကြာရှည်အောင်၊ တိုးပွားအောင် ကူညီထောက်ပံ့ပေးသောကံဖြစ်သည်။ ကုသိုလ်မှာရော၊ အကုသိုလ်မှာပါ အကူအညီပေးတတ်သောကံကို ဆိုလို၏။

## (၃) ဥပပီဠကကံ

တစ်ပါးသောကံကို **(အကျိုးပေးခွင့်မရလေအောင်)**၊ အခွင့်ရ၍ အကျိုးပေးနေသောကံကိုလည်း အကျိုးပေး မထက်သန်အောင်၊ ရပြီးသော

အကျိုးတရားကိုလည်း မဖွံ့ဖြိုးအောင် **(ကပ်၍နှိပ်စက်တတ်သောကံ)** ဖြစ်သည်။ ကုသိုလ် ဇနကကံကြောင့် လူချမ်းသာဘဝရ၏၊ ကောင်းကျိုးတည်း။ အခြားအကုသိုလ်ကံတစ်ခုကြောင့် ထိုလူ၌ အနာရောဂါ ထူပြောရ၏။ ထိုအကုသိုလ်ကံက မူလဇနကကံ၏အကျိုးတရားကို နှိပ်စက်သည်မည်၏။ ယင်းအကုသိုလ်ကံသည် အတိတ်လည်းဖြစ်နိုင်၏။ ပစ္စုပ္ပန်လည်းဖြစ်နိုင်၏။ အတိတ်အကုသိုလ်ဇနကကံကြောင့် ရောဂါထူပြော၏။ အတိတ် ကုသိုလ်ကံ (ဝါ) ပစ္စုပ္ပန်ဘာဝနာ**(ကုသိုလ်ကံကြောင့် ပြန်၍ကျန်းမာလာ၏)**။ ထိုကုသိုလ်ကံသည် အကုသိုလ်ကံ၏ အကျိုးကိုမထက်သန်၊ မဖွံ့ဖြိုးအောင် **(ကပ်၍နှိပ်စက်တတ်သောကြောင့်)** ဥပပီဠကကံမည်၏။

## (၄) ဥပဃာတကကံ

ကပ်၍**(ဖြတ်တတ်သောကံ)**ဖြစ်သည်။ ယင်းကံသည် ကုသိုလ်လည်း ဖြစ်နိုင်၏။ အကုသိုလ်လည်းဖြစ်နိုင်၏။ အားနည်းသောကံကို သတ်၍ ထိုကံ၏အကျိုးဝိပါက်ကိုတားမြစ်ပြီး မိမိ၏အကျိုးဝိပါက်ဖြစ်ခွင့်ကို ပြုလုပ်တတ်၏။

## “သေခြင်း(၄)မျိုး”

၁။ နေရမည့်ကံရှိသော်လည်း သက်တမ်းကုန်ခြင်းကြောင့် သေခြင်းသည် **(အာယုက္ခယသေခြင်း)**မည်၏။

၂။ သက်တမ်းအကြွင်းရှိသော်လည်း ကံကုန်ခြင်းကြောင့် သေခြင်းသည် **(ကမ္မက္ခယသေခြင်း)**မည်၏။

၃။ ကံရောသက်တမ်းပါ နှစ်ခုကုန်သောကြောင့် သေခြင်းသည် **(ဥဘယက္ခယသေခြင်း)**မည်၏။

၄။ ကံရောသက်တမ်းပါ နှစ်ခုစလုံးရှိနေသေးသော်လည်း ရှေးဘဝက ပြုခဲ့သောဥပစ္ဆေဒကကံကြောင့်၄င်း၊ ယခုဘဝတွင် ဂုဏ်ကြီးသော မိဘ

စသောသူတို့အပေါ်၌ပြုသော ဥပစ္ဆေဒကကံကြောင့်ငှင်း ဓါး၊ လက်နက် စသည်ဖြင့် သတ်ခြင်းတို့ကြောင့် သေခြင်းသည် **(ဥပစ္ဆေဒကသေခြင်း)**မည်၏။

## “ ဒိဋ္ဌဓမ္မဝေဒနိယကံ ”
## (ပစ္စုပ္ပန်ဘဝ၌ ကုသိုလ်အကျိုးပေးခြင်း)

၁။ ရှေးဘဝကဆည်းပူးခဲ့သည့် အပရာပရိယဝေဒနိယကံ၏ ကုသိုလ်အထူးရှိခြင်း၊

၂။ အလှူခံပုဂ္ဂိုလ်သည် နိရောဓသမာပတ်မှထခါစ ဘုရားရှင်၊ ရဟန္တာ၊ အနာဂါမ်ဖြစ်ခြင်း၊

၃။ မိမိလှူအပ်သောပစ္စည်းသည် ဓမ္မိယလဒ္ဓဖြစ်ခြင်း၊

၄။ သဒ္ဓါတရားနှင့်ပြည့်စုံခြင်း၊

အထက်ပါအချက် (၄)ချက်ပြည့်စုံလျှင် ဘဝမခြားပဲ ပစ္စုပ္ပန်ဘဝ၌သာ ကုသိုလ်အကျိုးကို ခံစားရရှိနိုင်သည်။

## “ စိတ္တနိယာမ (သို့မဟုတ်) ဝီထိ ” (Mental Process)

ဝီထိဟူသည် စိတ္တနိယာမလမ်းကြောင်းအတိုင်း အစီအစဉ်တကျ ဖြစ်ပေါ် သော စိတ်အစဉ်များကို ဝီထိဟုခေါ် ၏။ ဝီထိ စိတ်အစဉ်တစ်ခုတွင် စိတ် (၁၇) ချက်ပါဝင်၏။

၁။ အတီတဘဝင် (လွန်သောဘဝင်)

၂။ ဘဝင်္ဂစလန (လှုပ်သောဘဝင်)

၃။ ဘဝင်္ဂုပစ္ဆေဒ (ရပ်သောဘဝင်)

၄။ ပဥ္စဒွါရာဝဇ္ဇန်း (ငါးဒွါရ၌ဆင်ခြင်စိတ်)

၅။ စက္ခုဝိညာဏ် (မြင်သိစိတ်)

၆။ သမ္ပဋိစ္ဆိုင်း (လက်ခံစိတ်)
၇။ သန္တီရဏ (စုံစမ်းစိတ်)
၈။ ဝုဋ္ဌော (ဆုံးဖြတ်စိတ်)
၉။ ဇော (၇) ကြိမ်
၁၀။ တဒါရုံ (၂) ကြိမ်

## "ဘဝင်စိတ်"

အထက်ပါစိတ်အစဉ် (၁၇)ချက်၏ အစသုံးခုသည် ဘဝင်စိတ်ဖြစ်၏။ ဘဝင်စိတ်ဆိုသည်မှာ အိပ်ပျော်နေသော အခါ ဖြစ်ပေါ်သောစိတ်နှင့်တူ၏။ ထိုအချိန်တွင် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ၊ အတွေးဆိုသော ပစ္စုပ္ပန် အာရုံများမရှိပဲ ဘဝင်စိတ်၏မူလအာရုံဖြစ်သော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် တစ်မျိုးမျိုးကိုသာအာရုံပြုနေ၏။

စိတ်ဖြစ်စဉ်တို့တွင် ဘဝင်စိတ်နှင့် ဝီထိစိတ်ဟူ၍ အမျိုးအစား (၂)ခု ရှိသည်။ ဘဝင်စိတ်သည် မရဏာသန္နဇော အခါ၌ သေခါနီးအချိန်တွင် ထင်ပေါ် လာသော ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်စသော တစ်မျိုးမျိုးသော အာရုံကိုယူ၍ ဖြစ်ပေါ်လာသောစိတ်ဖြစ်သည်။ ယင်းဘဝင်စိတ်သည် ပဋိသန္ဓေအခါ၌၎င်း၊ စုတိအခါ၌၎င်း၊ ဝီထိစိတ်အစဉ်အကြား ၌၎င်း စိတ်အစဉ်မပြတ်ရအောင် ဖြစ်ပေါ်နေသောစိတ်ဖြစ်သည်။

## "ဝီထိစိတ်"

ဝီထိစိတ်အစဉ်ဖြစ်ပေါ်ပုံမှာ ပစ္စုပ္ပန်အာရုံတစ်ခုဖြစ်သော အဆင်း အာရုံနှင့်မျက်စိ ထိတွေ့လိုက်သည်နှင့် ဘဝင်စိတ်သည် စိတ်အစဉ်သုံးချက်၌ ရပ်တန့်ပြတ်စဲသွားပြီး နောက်လိုက်စိတ်သည် အဆင်းအာရုံအသစ်ဘက်သို့ နှလုံးသွင်းအာရုံပြုလိုက်သည်။ ယင်းစိတ်ကို (ပဉ္စဒွါရာဝဇ္ဇန်းစိတ်)ဟုခေါ်၏။ ထိုစိတ်ချုပ်ပြီး မြင်စိတ် (စက္ခုဝိညာဏ်) ဖြစ်ပေါ်၏။ ထို့နောက် မြင်သည့်

အာရုံကို လက်ခံစိတ် (သမ္ပဋိစ္ဆိုင်း)၊ အာရုံကိုစုံစမ်းစိတ် (သန္တီရဏ)၊ အာရုံကို ကောင်း မကောင်း ဆုံးဖြတ်စိတ် (ဝုဋ္ဌော)၊ ယင်းနောက် ဆုံးဖြတ်သည့်အတိုင်း ကုသိုလ်အကုသိုလ်(ဇောစိတ်)များ အဟုန် ပြင်းစွာဖြင့် (၇)ကြိမ်ဖြစ်ပေါ်ပြီး ထိုဇောစိတ်၏အာရုံကိုပင် ဆက်လက်အာရုံပြုသော တဒါရုံစိတ် (၂)ကြိမ် ဖြစ်ပေါ်ကာ ဘဝင်စိတ် ပြန်လည်ဖြစ်ပေါ်ပါသည်။ ယင်းသည် ဝီထိစိတ် အစဉ်တစ်ခု စိတ် (၁၇)ချက်ဖြစ်ပေါ်သွားခြင်းဖြစ်သည်။

## "မနောဒွါရာဝဇ္ဇန်း"

မြင်၊ ကြား၊ နံ၊ စား၊ ထိဆဲ၌ ဖြစ်ပေါ်နေသော စိတ်ဝီထိစဉ်တို့သည် အထက်ပါအတိုင်း အတူတူပင်ဖြစ်ကြပါသည်။ သို့သော် အတွေးဝီထိတွင် ဝုဋ္ဌောဆိုသော ဆုံးဖြတ်စိတ်နှင့်တူညီသည့် မနောဒွါရာဝဇ္ဇန်းစိတ်မှ အစပြု၍ ဇော(၇)ကြိမ်၊ တဒါရုံ(၂)ကြိမ် ဖြစ်ပေါ်ပြီး စုစုပေါင်းစိတ် (၁၀)ချက်သာ ဖြစ်ပေါ်၏။

ဝီထိ၏အမည်များကို ဒွါရနှင့်စပ်၍ နာမည်တပ်ရ၏။ စက္ခုဒွါရ၌ ရူပါရုံထင်လာလျှင် ထိုရူပါရုံကို အာရုံပြုသော စိတ်အစဉ်သည် စက္ခုဒွါရ ဝီထိမည်၏။ ထို့အတူ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ ဇိဝှာဒွါရဝီထိ၊ ကာယဒွါရဝီထိ၊ မနောဒွါရဝီထိဟု ဒွါရအလိုက်အမည်ရလေသည်။

## "ဒွါရနှစ်ခု၌ တစ်ပြိုင်နက်အာရုံထင်ပုံ"

စက္ခုဒွါရ၌ ရူပါရုံထိခိုက်သည့်အခါ မနောဒွါရ၌လည်း ယင်းရူပါရုံသည် တစ်ပြိုင်နက်ထင်၏။ ဤသို့လျှင် ရူပါရုံစသောအာရုံငါးမျိုးသည် နှစ်ဒွါရတို့၌အပြိုင်ထင်လေ့ရှိသော်လည်း မနောဒွါရမှာ အာရုံအားလုံးနှင့်ဆက်ဆံနေသောကြောင့် မနောဒွါရမှာထင်လာသည်ဟု အထူးမဖော်ပြတော့ဘဲ အများနှင့်မဆက်ဆံသောဒွါရဖြင့်သာ အမည်တပ်ရခြင်းဖြစ်သည်။

## စိတ်ဖြစ်တိုင်းပါသောစေတသိက် (၇)ပါး
## (သဗ္ဗစိတ္တသာဓာရဏစေတသိက်)

ဝီထိစိတ်အစဉ်တွင် စက္ခုဝိညာဏ်နှင့်ယှဉ်ဘက် စေတသိက် (၇)လုံး သည်သာ စက္ခုဒွါရကို မှီ၍ဖြစ်၏။ ကျန်ဝီထိ စိတ်အားလုံးတို့ကား မနော ဒွါရကို မှီ၍ဖြစ်ကြသော်လည်း စက္ခုဒွါရဝီထိဟုပင် ခေါ်ဝေါ်လေသည်။ စက္ခု ဒွါရ ဝီထိသည် ရူပါရုံနှင့်စက္ခုဒွါရ စတင်ထိတွေ့ပြီးနောက် ဖြစ်ပေါ်လာသော ပထမဆုံး စိတ်အစဉ် (၁၇)ချက် ဖြစ်ပေါ်ခြင်း ဖြစ်သည်။

### "ဆင်ခြင်ဝီထိ"

ထို့နောက် ယင်းရူပါရုံကိုပင် ဆက်လက်အာရုံယူပြီး ဝီထိအစဉ်သည် မနောဒွါရမှာ မနောဒွါရဝဇ္ဇန်းအနေဖြင့် ဆက်လက်ဖြစ်ပေါ်ပါသည်။ ယင်းကို ဆင်ခြင်ဝီထိဟု ခေါ်၏။ မြင်စိတ်ကယူပေးသောအာရုံသည် မြင်စိတ်ချုပ်၍ ချုပ်ပြီးဖြစ်သော်လည်း ယင်းအာရုံကိုဓမ္မာရုံအဖြစ် ဆက် လက်ဆင်ခြင်သော စိတ်အစဉ်ဖြစ်ပေါ်ပါသည်။ ထိုဝီထိ စိတ်အစဉ်တွင် စိတ် (၁၀)ချက်သာ ပါဝင်ပါသည်။

၁။ မနောဒွါရဝဇ္ဇန်း (၁) ကြိမ် - (ဓမ္မာရုံအဖြစ်ထင်လာသောအာရုံကို ဆင်ခြင်ဆုံးဖြတ်စိတ်)

၂။ ဇော (၇) ကြိမ် - (အဟုန်ပြင်းစွာ အာရုံ၏အရသာကို ခံစားသောစိတ်)

၃။ တဒါရုံ (၂) ကြိမ် -(ဇောယူသည့်အာရုံကို ဆက်လက် သိသောစိတ်)

စက္ခုဒွါရဝီထိစသော ပဥ္စဒွါရဝီထိများ၏နောက်၌ ဘဝင်စိတ်များ ခြား လျက် မနောဒွါရဝီထိများ ဆက်လက် ဖြစ်ပေါ်ကြပါသည်။ (ပထမ)

မနော ဒွါရဝီထိကို **ဆင်ခြင်ဝီထိဟုငင်း၊** (ဒုတိယ) မနောဒွါရဝီထိကို **အမည်ဝီထိဟု ငင်း၊** (တတိယ) မနောဒွါရဝီထိကို **ဒြပ်ဝီထိ**ဟုငင်း ခေါ်၏။ အသံတစ်ခုကို ကြားလျှင် ထိုအသံ၏အနက်အဓိပ္ပါယ်ကိုသိရန် လေးဝီထိ ဖြစ်ပေါ်ရ၏။ ဥပမာ-နွားဟု အသံကြားလျှင် (၁)သောတဒွါရ ဝီထိ (၂)ဆင်ခြင်ဝီထိ (၃)အမည်ဝီထိ (၄)ဒြပ်ဝီထိစသည်တို့ဖြစ်ပေါ် ပြီးမှ နွားအမည်နှင့်ဒြပ်ပုံသဏ္ဍာန်ကိုပါ စိတ်တွင် သိခွင့်ရခြင်းဖြစ်ပါသည်။

## "ပညတ် ပရမတ်"

ဖော်ပြပါလေးဝီထိ စိတ်အစဉ်တွင် ပထမနှစ်ဝီထိသည် ဒြပ်ပညတ် အမည်ပညတ် မပါသေးချေ။ ပရမတ်စစ်စစ် ဖြစ်၏။ နောက်ဝီထိနှစ်ခုတွင် ဒြပ်ပညတ် အမည်ပညတ်များ ပါဝင်လာပါသည်။ ဝိပဿနာရှုရာတွင် ပရမတ် ကိုသာ ရှုရခြင်းဖြစ်သည်။ ထို့ကြောင့် ရှုဉာဏ်ဖြစ်သော မဂ္ဂင်တရားကို ဆင်ခြင်ဝီထိပြီးသည်နှင့် နှလုံးသွင်းနိုင်လျှင် ဒြပ်ပညတ် အမည်ပညတ်တို့သည် စိတ်တွင် မပေါ်နိုင်တော့ချေ။ ပရမတ်ဖြစ်သော ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးကို ဉာဏ်ဖြင့် သိမြင်နိုင်ပေမည်။ " နာမသဏ္ဍာန်မရောက်ရန် အမှန်သတိပြု"ဟု ပခုက္ကူဆရာတော်ဘုရားကြီးက ဟောကြားဆုံးမထားခြင်းဖြစ်ပါသည်။

ထို့ကြောင့် ပညတ်ပရမတ်သည် အပြောလွယ်သလောက် အသိ မလွယ်ပါ။ ပညတ်လွတ်၍ ပရမတ်ရောက်ရန် သတိ ဝီရိယ သမာဓိ ဉာဏ်အား အတော်လိုပါသည်။ မျက်စိကအရောင်အဆင်းမြင်၍ မနောက သညာဖြင့် ပညတ်ပြုပြီး သိခြင်းဖြစ်ပါသည်။ မျက်စိမြင်သည့်အတိုင်း မနောမှ လောကသညာမပေါ်ပဲ အရှိကိုအရှိအတိုင်း ပရမတ်သညာဖြင့် နှလုံးသွင်းနိုင်မှသာ ပညတ်လွတ်၍ ပရမတ်ရောက်နိုင်ပေမည်။

## "ဥတုနိယာမနှင့်ဗီဇနိယာမ"

နွေ၊ မိုး၊ ဆောင်းရာသီဥတုသည် ဥတုနိယာမအရ သူ့သဘော

သူဆောင်ပြီး ဖြစ်ပေါ်ပြောင်းလဲနေခြင်းဖြစ်သည်။ ဖန်တီးရှင်၊ တန်ခိုးရှင်က ပြုလုပ်နေခြင်းမဟုတ်ပါ။ အလိုလိုဖြစ်နေခြင်းလည်းမဟုတ်ပါ။ အကြောင်း တရားနှင့်အကျိုး တရားတို့ သူ့သဘောသူဆောင်ကာ ဖြစ်ပေါ်နေသော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဓာတ်ကြီးလေးပါးတို့၏ အနတ္တသဘာဝသာ ဖြစ်ပါသည်။ ထို့ပြင် သရက်စေ့ကသရက်ပင်၊ သရက်ပင်က သရက်သီးသာ သီးပါသည်။ ဗီဇနိယာမအရ သူ့အမျိုး၊ သူ့အပင်နှင့်သူ့အသီးသာ ဖြစ်ပေါ် နေကြပါသည်။ အလိုလိုဖြစ်ခြင်း၊ ဖန်ဆင်းမှုကြောင့်ဖြစ်ခြင်း မဟုတ်ပါ။ အထက်ပါနိယာမတို့ကို လေ့လာသိရှိခြင်းဖြင့် သဘာဝတရားတို့သည် သူ့အကြောင်းနှင့်သူ့အကျိုး၊ သူ့သဘော သူဆောင်ပြီး ဖြစ်ပေါ်ပြောင်းလဲ နေကြသော အနတ္တသဘာဝကို ဉာဏ်ဖြင့်မြင်အောင်ကြည့်စေလိုခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဘုရားရှင်သည် အနတ္တသဘာဝကို ထိုးထွင်းသိမြင်သွားပြီး လောကတွင် အတ္တမရှိ၊ ငါငါ့ဥစ္စာဟုစွဲယူ၍မရကြောင်းကို သက်သေပြသွားခြင်း ဖြစ်သည်။ အတ္တသဘော(self)မှ အနတ္တသဘော(no-self)ကို တင်ပြ သွားခြင်းဖြစ်ပါသည်။

## "ရုပ်နှင့်အကြောင်းတရား(၄)မျိုး"

အထက်ပါနိယာမငါးမျိုးစလုံးကို သက်ရှိသတ္တဝါတို့တွင်တွေ့ရပြီး သစ်ပင်၊ သစ်တောတို့တွင် ဥတုနိယာမနှင့် ဗီဇနိယာမကို တွေ့ရသည်။ ကျန်ရှိသောမြေ၊ ရေ၊ လေ၊ မီးတို့တွင် ဥတုနိယာမသာရှိပါသည်။ နိယာမနှင့် အနတ္တသဘောကို လူသားတို့နှင့်ပက်သက်၍ တင်ပြချင်ပါသည်။ လူသားတို့သည် မိဘနှစ်ပါးမှ မွေးဖွားကြသည်။ ဥတုနှင့် ဗီဇနိယာမတို့၏ ပြုပြင်စီရင်မှုကြောင့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောစသည့် ရုပ်တရားတို့ဖြစ်သော မျိုးဥနှင့်သုတ်ပိုးတို့ ပေါင်းစပ်ပြီး သန္ဓေသားလောင်းကို စတင်ဖြစ်ပေါ်၏။ ထိုသန္ဓေသားလောင်းတွင် ကမ္မနိယာမ အရ

အတိတ်ကံကြောင့် ဟဒယဝတ္ထုရုပ် နှင့်ပဋိသန္ဓေစိတ်တို့သည် တစ်ပြိုင်နက်ဖြစ်ပေါ်၏။ စိတ္တနိယာမအရ ယခုဘဝအတွက် စိတ်အစဉ်သည် အစဉ်မပြတ် ဆက်လက်ဖြစ်ပေါ်သည်။ ထိုစိတ်အစဉ်တွင်ပါသော ကံသတ္တိသည်၄င်း၊ မျိုးရိုးဗီဇသတ္တိသည်၄င်း၊ ထိုသန္ဓေသားလောင်းပေါ်တွင် သက်ဆိုင်ရာ ရုပ်လက္ခဏာများကို ဖြစ်ပေါ်စေ၏။ ဥတုနှင့်အာဟာရကြောင့် သန္ဓေသားလောင်း ကြီးထွားလာ၏။ ဗီဇအရ မိဘမျိုးရိုးနှင့်တူ၏။ ကံကြောင့် သူ့အကျိုးပေးအတိုင်း ဖြစ်ပေါ်လာ၏။ ဓမ္မနိယာမအရ ကံသည် ကမ္မဇရုပ်ကိုဖြစ်စေ၏။ စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေ၏။ ဥတုသည် ဥတုဇရုပ်ကိုဖြစ်စေ၏။ အာဟာရသည် အာဟာရဇရုပ်ကိုဖြစ်ပေါ်စေ၏။

## "ကမ္မသတ္တိ"

ကံ၏ ပြုပြင်စီရင်မှုကြောင့် ဓာတ်ကြီးလေးပါး ရုပ်တရားတို့သည် လူ၊ နတ်၊ ဗြဟ္မာ၊ အပါယ်ဘုံသားအဖြစ် ကွဲပြားခြားနားသွားလေသည်။ ယင်းတို့သည် ပရမတ်အားဖြင့် ရုပ်တရားများသာဖြစ်၍ ပညတ်အနေဖြင့်သာ ကွဲပြား နေသည်။ ကံ၏ပြုပြင်စီရင်မှုကြောင့် ကွဲပြားနေရခြင်းဖြစ်သည်။ ထို့အပြင် လူတစ်ဦး၏ ခေါင်း၊ ကိုယ်၊ ခြေလက်တို့သည် ရုပ်တရားများသာဖြစ်သော်လည်း တစ်ဦးနှင့်တစ်ဦးမတူရခြင်းမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့၏ ပြုပြင်စီရင် မှုကြောင့်ဖြစ်သည်။ ဘဝတွင် အားထုတ်ဆောင်ရွက်ခဲ့သောအကြောင်းထိုက်သည့်ကံတို့သည် စုတိသေဆုံးချိန်တွင် ထိုကံ၏အာရုံကိုယူ၍ နောင်ဖြစ်မည့် ပဋိသန္ဓေစိတ်ကို အကျိုးပေးခြင်းဖြစ်လေသည်။

## "သမုတိနယ်နှင့်ပညတ်"

လူဟူသော ပညတ်သည် ပရမတ်ဖြစ်သော ဓာတ်ကြီးလေးပါး ရုပ်တရား များဖြင့် ဖွဲ့စည်းထားသော်လည်း ကံသတ္တိ၏ အစွမ်းကြောင့်

ပညတ်တို့၏ အရှိန်အဝါ ဩဇာသည် ကြီးမား၏။ ပညတ်တို့တွင် ကံ၊ ဉာဏ်၊ ဝိရိယတို့၏ စီရင်ပြုပြင်မှုသည် ကြီးမားကျယ်ပြန့်လှ၏။ ထို့ကြောင့် သမုတိသစ္စာ ထိုက်ပါသည်။ ပညတ်ကို မပယ်ရပါ။ လောကတွင် လှခြင်းမလှခြင်း၊ ဆင်းရဲခြင်းချမ်းသာခြင်း၊ ကံကောင်းခြင်းဆိုးခြင်း၊ အောင်မြင်ခြင်းဆုံးရှုံးခြင်း၊ အသက်ရှည်ခြင်း အသက်တိုခြင်းစသည့် လောကဓံတို့သည် သတ်မှတ် ချက်ပညတ်အပေါ်မှီ၍သိရှိနေရသော်လည်း ယင်းတို့၏ နောက်ခံ အကြောင်း တရားတို့မှာ ကံ၊ စိတ်၊ ဥတု၊ အဟာရတို့၏ ပြုပြင်စီရင်မှုကို ခံနေရခြင်း သာဖြစ်ပါသည်။

## "ရုပ်တရားနှင့်အနတ္တသဘာဝ"

လူသေသောအခါ ကံ၊ စိတ်၊ အာဟာရ(၃)ပါးတို့၏ စီရင်ပြုပြင်မှုကြောင့်ဖြစ်သော ရုပ်တရားများ မရှိသော်လည်း ဥတုကြောင့်ဖြစ်သော ရုပ်တရားများကတော့ ဆက်လက်ဖြစ်ပေါ်နေပါသည်။ ယင်းရုပ်တို့သည် လောကကြီးထဲတွင် အမြဲပြောင်းလဲနေသော အနတ္တတရားများ ဖြစ်ကြပါသည်။ ရုပ်တရားများဖြစ်သည့် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတို့၏ သတ္တိများသည် လျော့သွားခြင်းလည်းမရှိသလို တိုးသွားခြင်းလည်းမရှိပေ။ ဥပမာ - လူသေပြီးနောက် ကျန်ခဲ့သော အလောင်းကောင်သည် ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်အဖြစ်သာ ကျန်ရစ်တော့သည်။ ယင်းဥတုဇရုပ်သည် တိရိစ္ဆာန်များ၊ ပိုးမွှားများ၊ လင်းတများ၊ ကျီးကန်းများအတွက်တော့ အာဟာရများ ဖြစ်ကြသည်။ မီးသင်္ဂြိုလ်လိုက်သောအခါ အချို့ရုပ်တို့သည် တေဇောဓါတ်၊ မီးအဖြစ်၄င်း၊ အချို့သည် ဝါယောဓာတ် အငွေ့အဖြစ်၄င်း၊ အချို့သည် အာပေါဓာတ် အရည်အဖြစ်၄င်း၊ အချို့သည် ပထဝီဓာတ် ပြာအဖြစ်၄င်း ပြောင်းလဲသွားကြသည်။ ထိုအရည် အာပေါဓာတ်၊ ပြာ

ပထဝီဓာတ်တို့သည် သစ်ပင်တို့အတွက် အာဟာရဓာတ်များ ဖြစ်လာကြပြန်သည်။ ထိုသစ်ရွက် သစ်သီးတို့ကို လူသားများ စားသုံးခြင်းဖြင့် လူသားတို့၏အာဟာရဇရုပ်များနှင့် ဥတုဇရုပ်များ တဖန်ပြန်လည်ဖြစ်ပေါ်လာကြပါသည်။

ဤသို့ဖြင့် လောကကြီးထဲတွင် အမြဲပြောင်းလဲနေသောဖြစ်စဉ် (ever changing process) တစ်ခုသာ အမြဲတည်ရှိနေခြင်းဖြစ်သည်။ ယင်းဖြစ်စဉ်သည်လည်း အကြောင်းအကျိုးနှင့် သူ့သဘောသူဆောင်ပြီး ဖြစ်ပေါ်နေသော အနတ္တသဘာဝသာဖြစ်သည်။ ပညတ်အခေါ်အားဖြင့် လူများ တိရိစ္ဆာန်များ မွေးဖွားခြင်းသေဆုံးခြင်း၊ ပစ္စည်းဥစ္စာများ ဖြစ်ပေါ်ခြင်းပျက်စီးခြင်းစသည်ဖြင့် ပြောဆိုနေကြသော်လည်း အကြောင်းရင်းဖြစ်သည့် ရုပ်တရားများကတော့ အကြောင်း အမျိုးမျိုး အခြေအနေအမျိုးမျိုး တို့တွင် ရုပ်စွမ်းအားများအနေဖြင့် အမျိုးမျိုးပြောင်းလဲလျက် ဖြစ်၊ တည်၊ ပျက်အစဉ်ဖြင့် ဖွဲ့စည်းထားသော ပရမတ်တရားတို့၏ အနတ္တသဘာဝများအဖြစ် တည်ရှိနေခြင်းသာဖြစ်ပါသည်။

## "ဝိဘဇ္ဇဝါဒ"

ဝိဘဇ္ဇဝါဒသည် ဗုဒ္ဓဝါဒဖြစ်၍ကြောင်းကျိုးဆက်နွယ်မှုကို ပိုင်းခြား ဝေဖန်သောဝါဒဖြစ်သည်။ အမှန်အားဖြင့် ဝိဘဇ္ဇ ဝါဒဟူသည် ပဋိစ္စသမုပ္ပါဒ် ပင်ဖြစ်ပါသည်။ ကြောင်းကျိုးဆက်ရာတွင် အကြောင်းတရားနှင့် အကျိုးတရားသည် သီးခြားစီ ဖြစ်သော်လည်း ပန်းသီထားသကဲ့သို့ ကြောင်းကျိုးဆက်အစဉ်သည် မပြတ်မစဲ တစ်ဆက်တည်းဖြစ်ပေါ်နေခြင်းကြောင့် တစ်ခုတည်းသောသဘောအဖြစ် အထင်မှားကြပါသည်။ ပန်းသီထားသကဲ့သို့ တစ်ခုတည်းသောသဘောသည် 'ဧကတ္တ' ဖြစ်၏။ ထိုသို့ အကြောင်းအကျိုးသည် တစ်ခုတည်းသဘောထင်ရသော်လည်း

အကြောင်း တရားနှင့်အကျိုးတရားသည် သဘာဝလက္ခဏာအားဖြင့် ခြားနားကြပါသည်။ အကြောင်းဖြစ်သော မျက်စိနှင့်အဆင်းသည် (ရုပ်) သဘာဝဖြစ်၍ အကျိုး ဖြစ်သောမြင်စိတ်သည် (နာမ်)သဘာဝဖြစ်ပါသည်။ သဘာဝလက္ခဏာတို့ ကွဲပြားခြားနားမှုသည် 'နာနတ္တ'ဖြစ်ပါသည်။

ထို့ပြင် အကျိုးတရားအပေါ်တွင် မိမိအလိုအတိုင်းဖြစ်စေအံ့ဟူသော အစိုးရမှုသဘောသည် အကြောင်း တရား၌ မရှိသကဲ့သို့ အကြောင်းတရား ပြည့်စုံသည်နှင့် ဖြစ်ပေါ်လိုက်မည်ဟူသော အားထုတ်မှု (ဗျာပါရ) သဘောသည်လည်း အကျိုးတရား၌မရှိပါ။ မျက်စိနှင့်အဆင်းတိုက်မှု အကြောင်းပြည့်စုံသည်နှင့် မြင်စိတ်အကျိုးတရားသည် သူ့သဘောသူဆောင်ကာ (အဗျာပါရ)သဘောအားဖြင့် မရှိရာမှအသစ်ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ဖန်ဆင်းရှင်မရှိပဲ သူ့သဘောသူဆောင်ဖြစ်ပေါ်မှုသည် 'အဗျာပါရ'ဖြစ်ပါသည်။

အကျိုးတရားသည် သူ့သဘောသူဆောင်၍ ဖြစ်ပေါ်သည်ဆိုသော်လည်း ဗရမ်းပတာဖြစ်ပေါ်နေခြင်း မဟုတ်ပါ။ အကြောင်းအားလျှော်စွာဖြစ်ပေါ်ပါသည်။ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် ကြားစိတ်မဖြစ်ပေါ်နိုင်ပါ။ မြင်စိတ်သာ ဖြစ်ပေါ်ရပါသည်။ အကြောင်းနှင့်လိုက်လျောညီထွေ ရှိသောအကျိုးဖြစ်ပေါ်မှုသည် 'ဧဝံဓမ္မတာ'ဖြစ်၏။ ထိုကဲ့သို့ကြောင်းကျိုး ဆက်ရာတွင် 'ဧကတ္တ၊ နာနတ္တ၊ အဗျာပါရ၊ ဧဝံဓမ္မတာ'ဟူသောသတ်မှတ်ချက်အင်္ဂါလေးပါးနှင့်ပြည့်စုံပါမှသာ ဝိဘဇ္ဇဝါဒဖြစ်ပါသည်။ ထို့ကြောင့် ဝိဘဇ္ဇဝါဒသည်လည်း အနတ္တသဘောသာဖြစ်လေသည်။

## “ ပဋိစ္စသမုပ္ပါဒ် ” (ပစ္စယပရိဂ္ဂဟဉာဏ်)

ပဋိစ္စသမုပ္ပါဒ်ဟူသည်ဘဝသံသရာအကြောင်းအကျိုးတရားတော်ပင်ဖြစ်ပါသည်။

- **အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ** - (မသိမှု)ဖြင့် အားထုတ်သောကြောင့် ကုသိုလ်အကုသိုလ်(ကံ)ဖြစ်၏။
- **သင်္ခါရ ပစ္စယာ ဝိညာဏံ** - ကုသိုလ်၊ အကုသိုလ်(ကံ)ကြောင့် သိမှု ဝိညာဏ်ဖြစ်၏။
- **ဝိညာဏ ပစ္စယာ နာမရူပံ** - ဝိညာဏ်ကြောင့် နာမ်ရုပ် (ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝတ္ထုရုပ်)ဖြစ်၏။
- **နာမရူပပစ္စယာသဠာယတနံ**- နာမ်ရုပ်ကြောင့် အာယတန (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော)ဖြစ်၏။
- **သဠာယတနပစ္စယာဖဿော**- အာယတနဖြစ်သောကြောင့် တွေ့ထိမှု ဖဿဖြစ်၏။
- **ဖဿ ပစ္စယာ ဝေဒနာ** - ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်၏။
- **ဝေဒနာ ပစ္စယာ တဏှာ** -ဝေဒနာကြောင့် တွယ်တာမှု တဏှာဖြစ်၏။
- **တဏှာ ပစ္စယာ ဥပါဒါနံ** - တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်၏။
- **ဥပါဒါန ပစ္စယာ ဘဝေါ** - ဥပါဒါန်ကြောင့် ကမ္မဘဝ - (ကုသိုလ်၊ အကုသိုလ်ကံနှင့်ဘဝ)ဖြစ်၏။
- **ဘဝ ပစ္စယာ ဇာတိ** - ကံကြောင့် နောက်ဘဝ၊ နောက်ခန္ဓာ ဇာတိဖြစ်၏။
- **ဇာတိ ပစ္စယာ ဇရာမရဏ** - ဇာတိကြောင့် ဇရာ(အိုခြင်း)၊ မရဏ (သေခြင်း)ဖြစ်၏။

ပဋိစ္စသမုပ္ပါဒ်တွင် အင်္ဂါ(၁၂)ပါးရှိ၏။ အဝိဇ္ဇာ၊သင်္ခါရသည် အတိတ် ဖြစ်သည်။ အတိတ်ကသစ္စာလေးပါး အမှန်ကို မသိမှု အဝိဇ္ဇာဖြင့် ကာယ၊ ဝစီ၊ မနောသင်္ခါရတို့ကို အားထုတ်သောကြောင့် အဖြူအမဲရောသည့် ကုသိုလ်ကံ၊ အကုသိုလ်ကံများဖြစ်ခဲ့ကြရသည်။ ထိုအတိတ်ကံ၏အစွမ်းကြောင့် ယခုပစ္စုပ္ပန် ပဋိသန္ဓေအခါ၌ ပဋိသန္ဓေဝိညာဏ် (သို့မဟုတ်) ပဝတ္တိအခါ၌ မျက်စိနှင့် အဆင်းတိုက်မှုကြောင့် မြင်စိတ် (စက္ခုဝိညာဏ်)ဖြစ်ပေါ်သည်။ ဝိညာဏ်၏ **(နီးသောအကြောင်း)** သည် မျက်စိနှင့်အဆင်းတိုက်မှု ဖြစ်သော်လည်း **(ဝေးသောအကြောင်း)**တွင် ကံသည် အဓိကဖြစ်ပါသည်။ ထို့ကြောင့်သင်္ခါရပစ္စယာဝိညာဏံဟု ဘုရားရှင်ဟောကြားတော်မူခြင်း ဖြစ်သည်။

စက္ခုဝိညာဏ်ကြောင့် ဝေဒနာ၊ သညာ၊ သင်္ခါရ **(နာမ်တရား)**များနှင့် စက္ခုဝတ္ထု**(ရုပ်တရား)**တို့ဖြစ်ကြရ၏။ ထိုနာမ်ရုပ်တို့ဖြစ်ပေါ်မှုကြောင့် မြင်သည့်နာမ်ရုပ်၏ (တည်ရာ)ဖြစ်သော စက္ခာယတန (မျက်စိ)သည် ဖြစ်ပေါ် လာ၏။ ထိုအခါ စက္ခာယတန(မျက်စိ)သည် အာရုံနှင့်တွေ့ထိမှု ဖဿဖြစ်၏။ ဖဿကြောင့် ခံစားမှု ဝေဒနာဖြစ်ပေါ်၏။ ဝေဒနာကြောင့် တွယ်တာမှု တဏှာဖြစ်၏။ တဏှာကြောင့် စွဲလမ်းမှု ဥပါဒါန်ဖြစ်သည်။ ဥပါဒါန်ကြောင့် (ကုသိုလ်၊ အကုသိုလ်)ကမ္မဘဝများဖြစ်ပေါ်လာသည်။ ထို 'ကံ'တို့ကြောင့် ဇာတိ၊ ဇရာမရဏာဆိုသော အနာဂတ်ဘဝ ခန္ဓာများ အဖြစ် မွေးခြင်း၊ အိုခြင်း သေခြင်းစသည့် ပဋိစ္စသမုပ္ပါဒ်တရားတို့သည် မရပ်မနား သံသရာ လည်နေခြင်း ဖြစ်လေသည်။

ပဋိစ္စသမုပ္ပါဒ်တွင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍(၃)ပိုင်းခွဲထား၏။ အတိတ် 'ကံ'ကြောင့် ပစ္စုပ္ပန်တွင် မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိမှု၊ တွေးမှုတို့၌

ခန္ဓာငါးပါးတို့ ဖြစ်ပေါ်နေရသည်။ ပစ္စုပ္ပန်ဖြစ်သော ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် သုတ္တန်နည်းဖြင့် ဟောကြားထားသော ခန္ဓာငါးပါးဖြစ်သည်။ မြင်ရာတွင် ဖြစ်ပေါ်သော (ခန္ဓာငါးပါး) အပေါ်မှာ တွယ်တာမှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်)တို့ဖြစ်လျှင် ကုသိုလ် အကုသိုလ် (ကံ)များ ဖြစ်ပေါ်ရသည်။ ယင်းကံ တို့သည် အနာဂတ်ဘဝ (ဇာတိ၊ ဇရာမရဏ) တို့ဖြစ်ပေါ်လေသည်။

ထို့ကြောင့် မြင်သည့်ခန္ဓာပေါ်တွင် နှစ်သက်မှု တဏှာ၊ စွဲလမ်းမှု ဥပါဒါန် မရှိလျှင် (ကံ)မဖြစ်ချေ။ ကံအကြောင်း တရားမရှိပါက အနာဂတ် ဇာတိ၊ ဇရာမရဏချုပ်ငြိမ်း၏။ ထိုအခါ ပဋိစ္စသမုပ္ပါဒ်ရပ်၏။ ထို့ပြင် မြင်ရာ၊ ကြားရာ၊ နံရာ၊ စားရာ၊ ထိရာ၊ တွေးရာတို့မှာလည်း အကြောင်းတိုက်ဆိုင်၍ ဖြစ်ပေါ်လာသော ခန္ဓာငါးပါးတို့အပေါ်တွင် တဏှာ၊ ဥပါဒါန်ဖြင့်မစွဲလမ်းပါက ကံ ကိလေသာများချုပ်ငြိမ်းကာ ပဋိစ္စသမုပ္ပါဒ်ရပ်ပြီး သံသရာပြတ်ခြင်း ဖြစ်လေသည်။

## “ပဋိစ္စသမုပ္ပါဒ်နှင့်အကြောင်းအကျိုး ”

| | |
|---|---|
| အဝိဇ္ဇာ<br>သင်္ခါရ | **အတိတ်အကြောင်း (သမုဒယသစ္စာ)** |
| ဝိညာဏ်<br>နာမ်ရုပ်<br>သဠာယတန<br>ဖဿ<br>ဝေဒနာ | **ပစ္စုပ္ပန်အကျိုး (ဒုက္ခသစ္စာ)** |
| တဏှာ<br>ဥပါဒါန်<br>ကမ္မဘဝ | **ပစ္စုပ္ပန်အကြောင်း (သမုဒယသစ္စာ)** |
| ဇာတိ<br>ဇရာမရဏ | **အနာဂတ်အကျိုး (ဒုက္ခသစ္စာ)** |

ပဋိစ္စသမုပ္ပါဒ်ကို အကြောင်းအကျိုးအားဖြင့် ပိုင်းခြားလျှင် အဝိဇ္ဇာ၊ သင်္ခါရသည် အတိတ် (အကြောင်း)ဖြစ်၍ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာသည် ပစ္စုပ္ပန် (အကျိုး)ဖြစ်သည်။ တစ်ဖန် တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည် ပစ္စုပ္ပန် (အကြောင်း)ဖြစ်ပြန်၍ ဇာတိ၊ ဇရာမရဏသည် အနာဂတ် (အကျိုး) ဖြစ်ပြန်ပါသည်။ ဤသို့ အကြောင်းတစ်လှည့်၊ အကျိုးတစ်လှည့် ဖြစ်ပေါ်နေခြင်းဖြင့် အကြောင်းအကျိုး ဘဝသံသရာသည် မဆုံးနိုင်တော့ချေ။

အကြောင်းတရားသည် (သမုဒယသစ္စာ)ထိုက်၍ အကျိုးတရားသည်

(ဒုက္ခသစ္စာ)ထိုက်ပါသည်။ ယခုအခါ မြင်လိုက်၊ ကြားလိုက်သည်နှင့် ပစ္စုပ္ပန် အကျိုးတရား (ခန္ဓာငါးပါး) ဖြစ်လေသည်။ ယင်းသည် ဒုက္ခသစ္စာဖြစ်၏။ ထို့ကြောင့် မြင်သည့်အခါ ဖြစ်ပေါ်သော ခန္ဓာငါးပါးကို ယောကျ်ား၊ မိန်းမ အနေဖြင့် အသိမှားမှု အဝိဇ္ဇာကြောင့် တွယ်တာမှု (တဏှာ)၊ စွဲလမ်းမှု (ဥပါဒါန်) ဖြစ်ပေါ်၏။ စွဲလမ်းမှု ဥပါဒါန်ကြောင့် မိမိအလိုအတိုင်း ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် အားထုတ်မှု (သင်္ခါရ)ပြုလုပ်သောအခါ ကုသိုလ်၊ အကုသိုလ် (ကံ)တို့ဖြစ်ပေါ်လေသည်။ ထိုအခါ (ကံ)သည် နောက်ဘဝ နောက်ခန္ဓာကို ဖြစ်စေသော အကြောင်း(သမုဒယသစ္စာ)ထိုက်လေသည်။

ထို့ကြောင့် ဘဝဆိုသည်မှာ မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့တွင် ပဋိစ္စသမုပ္ပါဒ် အကျိုးတရား (ခန္ဓာငါးပါး)ကို အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် အစွမ်း ကြောင့် ပုဂ္ဂိုလ်သတ္တဝါအယူဖြင့် မိမိအလိုအတိုင်း အားထုတ်မှု(သင်္ခါရ)ပြုကာ ကုသိုလ် အကုသိုလ်ကံ အကြောင်းတရားများဖြစ်ပေါ်နေသလို သစ္စာ အားဖြင့်လည်း အကျိုး (ဒုက္ခသစ္စာ)နှင့်အကြောင်း (သမုဒယသစ္စာ)တို့သာ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို သိမြင်နားလည်ပါက ဝိပဿနာ၏ အခြေခံသဘော တရားဖြစ်သောရုပ်နာမ်၊ အကြောင်းအကျိုးကို အနတ္တဉာဏ်ဖြင့်သိမြင်ပြီး ဒုက္ခသစ္စာ**(ခန္ဓာငါးပါး)ကသိရမည့် (အကျိုး တရား)**၊ သမုဒယသစ္စာ**(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်)က ပယ်ရမည့် (အကြောင်းတရား)**ဟူ၍ ပိုင်းခြားသိမြင်နိုင်ပေမည်။

ထိုအခါ သမုဒယသစ္စာကို မဂ္ဂသစ္စာဖြင့်ပယ်၍ သမုဒယမရှိ သောကြောင့် ဒုက္ခငြိမ်းခြင်းသည် (အကြောင်းချုပ်သဖြင့် အကျိုးချုပ်)သော နိရောဓသစ္စာ ဆိုက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ ပဋိစ္စသမုပ္ပါဒ်ကို နားလည် သိမြင်ခြင်းဖြင့် သမ္မုတိနယ်မှ ပရမတ်နယ်သို့ရောက်ကာ သစ္စာဝင်သည် အထိ နှလုံးသွင်း ပွားများအားထုတ်နိုင်ပေမည်။

**ဘဝေါ်တွင် ကမ္မဘဝသည် ဖြစ်ကြောင်းသဘောဖြစ်၍ ဥပပတ္တိဘဝကား ဖြစ်ခြင်းသဘောတည်း။ (ဖြစ်ကြောင်းဘဝနှင့်ဖြစ်ခြင်းဘဝတို့ ပင်တည်း။)**

**" ဝိဘင်္ဂပါဠိ "**

**"ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။"**

**"တေသဉ္စ ယော နိရောဓော၊ ဧဝံဝါဒီ မဟာသမဏော။"**

ယေဓမ္မာ - အကြင် အကျိုးတရား (ဒုက္ခသစ္စာ)တို့သည်

ဟေတုပ္ပဘဝါ - အကြောင်းတရား (သမုဒယသစ္စာ)တို့ကြောင့်ဖြစ်သည်။

တေသံ ဟေတုံ - ထိုအကျိုးတရားတို့၏ အကြောင်းတရားတို့ကို

တထာဂတော အာဟ - မြတ်စွာဘုရားရှင် ဟောကြားတော်မူသည်။

တေသဉ္စ - ထိုတရားနှစ်ပါးတို့၏

ယောနိရောဓော -အကြင်ချုပ်ငြိမ်းရာ (နိရောဓသစ္စာ)သည်ရှိ၏။

ဧဝံဝါဒီ မဟာသမဏော- ရဟန်းမြတ်ဖြစ်တော်မူသော ဘုရားရှင်သည် ဤသို့သောအယူဝါဒ ရှိတော်မူ၏။

**(အရှင်အဿဇိ)**

**" ဒိဋ္ဌိကိုအသိဖြင့်အရင်ဖြုတ်ပါ။"**

အရှင်သာရိပုတြာလောင်းဖြစ်သော ဥပတိဿပရိဗိုဇ်သည် အရှင်အဿဇိထံမှ အထက်ပါဂါထာတစ်ပုဒ်၏ ပထမ တစ်ပိုဒ်ကို နာကြားလိုက်သည်နှင့် သောတာပန်တည်လေသည်။ ယင်းဂါထာတွင် အကြောင်းတရား (သမုဒယသစ္စာ)၊ အကျိုးတရား (ဒုက္ခသစ္စာ)နှင့် ထိုတရားနှစ်ပါးတို့၏ချုပ်ငြိမ်းရာ (နိရောဓသစ္စာ)ဟူသော သစ္စာ (၃)ပါးသာပါဝင်လေသည်။ မဂ္ဂသစ္စာ

တစ်ပါး ကျန်ပါသည်။ သို့သော် ယင်းအကြောင်းတရား၊ အကျိုးတရားနှင့် ထိုတရား(၂)ပါးတို့၏ချုပ်ငြိမ်းရာကို သိမြင်နားလည်ပါက မဂ္ဂသစ္စာသည် မိမိ၏မနောမှာပင်ဖြစ်ပေါ်ပါသည်။ သို့သော် မနောမှာမဂ္ဂင်ဖြစ်သည်ကို မသိမြင်ပဲ "မဂ္ဂသစ္စာမပါတာကို ငါသိတယ်"ဟု တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ပေါ်သွားလေသည်။ မနောမှာ မဂ္ဂင်ဖြစ်မှန်း သတိပညာဖြင့် သိမြင်ပါက (ဒိဋ္ဌိ)ငါကို အသိဖြင့်ပြုတ်ပါသည်။

## "မှန်နှင့်မျက်နှာပုံရိပ်"

မှန်ကိုကြည့်သောအခါ မှန်သားပြင်ပေါ်မှာ ဖြစ်ပေါ်သော မျက်နှာပုံရိပ်သည် **(မှန်သားလည်း)**မဟုတ်သလို **(မျက်နှာလည်း)**မဟုတ်ပါ။ မှန်သားနှင့်မျက်နှာကို**(စွဲ၍)** မရှိရာမှ**(အသစ်)**ဖြစ်ပေါ်လာသော ပဋိစ္စသမုပ္ပါဒ်တရားမျိုးသာ ဖြစ်ပါသည်။ ထိုတရားသည် အခိုင်အမာ အနှစ်သာရ အမာခံမရှိသောကြောင့် ငါ၊ဥစ္စာအနေဖြင့် အတ္တပြု၍မရသော အာဂန္တုခါတ်သက်သက်မျှသာဖြစ်လေသည်။

## "ဝိညာဏ်ကိုဆင်ခြင်၍သိပုံ"

ထိုအတူ အာရုံနှင့်ဒွါရတိုက်မှုကြောင့် အသစ်ဖြစ်ပေါ်လာသော ဝိညာဏ်သည် **(အာဂန္တုခါတ်)**သက်သက်ဖြစ်သော ကြောင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ဒြပ်၊ ဝတ္ထုပြု၍ အခိုင်အမာ အနှစ်သာရအားဖြင့် စွဲယူရနိုင်လောက်သော အမာခံသဘောမျိုး လုံးဝမရှိပါ။ ဝိညာဏ်သည် ပရမတ်ဖြစ်၍ တိုက်ရိုက် မသိနိုင်ပါ။ ဝိညာဏ်သည် အာရုံကိုသိခြင်းလက္ခဏာရှိပါသည်။ အာရုံကို သိခြင်းလက္ခဏာအားဆင်ခြင်၍ **(ဉာဏ်၏အာရုံ)**အဖြစ်သာသိနိုင်ပါသည်။ ထို့ကြောင့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိ**(အာရုံတို့ကိုသိသော လက္ခဏာအားဖြင့်ဆင်ခြင်၍ ဝိညာဏ်ဖြစ်ကြောင်း)**ကိုသိရပါသည်။

ယင်းကဲ့သို့ အကြောင်းတိုက်ဆိုင်တိုင်း အကျိုးတရားတို့ အသစ်ဖြစ်ပေါ်နေပုံကို ပဋိစ္စသမုပ္ပါဒ်သဘောအားဖြင့်သိမြင်ခြင်းသည် အကြောင်းအကျိုးဆက်နွယ်မှုကို အနတ္တအမြင်ဖြင့် သိမြင်ခြင်း ဖြစ်ပါသည်။ ထိုသို့ ဆက်နွယ်မှုကို အောက်ပါ(အတ္ထနယ) နည်း(၄)မျိုးဖြင့် သိမြင်နားလည်နိုင်ပါသည်။

## ၁။ ဧကတ္တနည်း

အတိတ်အကြောင်းတရားနှင့် ပစ္စုပ္ပန်အကျိုးတရား၊ ပစ္စုပ္ပန်အကြောင်းတရားနှင့် အနာဂါတ်အကျိုးတရားတို့သည် ကြောင်းကျိုးဆက်နွယ်လျှက် တစ်ဆက်တစ်စပ်တည်း အစဉ်မပြတ် ဖြစ်ပေါ်နေကြသည်။ ထို့ကြောင့် ကြိုးတစ်ချောင်းတွင် ပန်းသီထားသကဲ့သို့ ရုပ်နာမ်အစဉ်၏ **(မပြတ်စဲခြင်းသဘော)**ကို ထိုးထွင်းသိမြင်သဖြင့် ဘဝသည် ပုခက်နှင့် အခေါင်းကြားမှာသာရှိ၍ သေလျှင်ပြတ်၏ဟု စွဲယူထားသော **(ဥစ္ဆေဒဒိဋ္ဌိ)** အယူမှားကြီးကို ပယ်စွန့်နိုင်ပေမည်။

## ၂။ နာနတ္တနည်း

အကြောင်းတရားနှင့် အကျိုးတရားတို့သည် ဆက်နွယ်မှုရှိကြသော်လည်း ရုပ်နာမ်တို့၏ သဘာဝလက္ခဏာ တို့သည် မတူညီကြပါ။ ထို့ကြောင့် အကြောင်း ရုပ်နာမ်တို့ချုပ်ပြီး အကျိုးရုပ်နာမ်တို့ အသစ်ဖြစ်ပေါ်သောကြောင့် ယင်းတို့၏ လက္ခဏာများမှာလည်း တူညီမည်မဟုတ်ပါ။ ထိုသို့ အကြောင်းနှင့် အကျိုးတို့၏ **(မတူသည့်သဘော)**ကို သိမြင်ပါက အတ္တသည်မြဲသည်ဟု စွဲယူတတ်သော **(သဿတဒိဋ္ဌိ)** အယူမှားကြီးကို ပယ်စွန့်နိုင်လေသည်။

## ၃။ အဗျာပါရနည်း

အကြောင်းတရားသည် အကျိုးတရားဖြစ်ပေါ်လာအောင် အားထုတ်သည့် ဗျာပါရ မရှိသလို အကျိုးတရား သည်လည်း အကြောင်းတရားရှိပါက ဖြစ်ပေါ်လိုက်မည်ဟု အားထုတ်သည့် ဗျာပါရမျိုးမရှိပါ။ အကြောင်း

တရား ထင်ရှားဖြစ်ပေါ်သည်နှင့် အကျိုးတရားသည်**(သူ့သဘောသူဆောင်)**ကာ မရှိရာမှ အသစ်ဖြစ်ပေါ်လာခြင်းသာဖြစ်သည်။ လှုပ်သောစိတ်သည် အကြောင်းတရားအနေဖြင့် ထင်ရှားဖြစ်ပေါ်သည်နှင့် လှုပ်သည့်ရုပ်သည် အကျိုး တရားအဖြစ် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာ၏။ **(ပုဂ္ဂိုလ်အလို)** အတိုင်းဖြစ်သည့် သဘောမျိုးမရှိပါ။

## ၄။ ဧဝံဓမ္မတာနည်း

အကျိုးတရားသည် သူ့သဘောသူဆောင်ကာ အသစ်ဖြစ်ပေါ်လာသော်လည်း ဗရမ်းဗဒါ ဖြစ်ပေါ်ခြင်းမျိုး မဟုတ်ပါ၊ **(အကြောင်းအားလျော်စွာ)**သာ ဖြစ်ပေါ်ရလေသည်။ ဥပမာ မျက်စိနှင့်အဆင်းတိုက်မှုကြောင့် မြင်စိတ်သာ ဖြစ်ပေါ်ရသည်။ ကြားစိတ်ဖြစ်ပေါ်ခြင်းမရှိပေ။

**ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်　　　ခန္ဓသံယုတ်　　　ထေရဝဂ်**

## အာနန္ဒသုတ်

သာဝတ္ထိနိဒါန်း။ ထိုအခါ အသျှင်အာနန္ဒာသည် "ငါ့သျှင် ရဟန်းတို့"ဟု ရဟန်းတို့ကို ခေါ်၏။ "ငါ့သျှင်"ဟု ထိုရဟန်း တို့သည် အသျှင်အာနန္ဒာအား ပြန်ကြားလျှောက်ကြကုန်၏။

အသျှင်အာနန္ဒာသည် ဤစကားကိုမိန့်ဆို၏ - ငါ့သျှင်တို့ မန္တာဏီပုဏ္ဏေးမ၏သား ပုဏ္ဏမည်သောအသျှင်သည် သီတင်းငယ်ဖြစ်ကြသော ငါတို့အား ကျေးဇူးများလှ၏၊ ထိုအသျှင်သည် ငါတို့ကို ဤအဆုံးအမဖြင့်ဆုံးမ၏။ "ငါ့သျှင် အာနန္ဒာ အစွဲပြု၍သာလျှင် 'ငါဖြစ်၏'ဟူသော ပပဉ္စတရားသုံးပါးဖြစ်၏၊ အစွဲမပြုမူ၍မဖြစ်။ အဘယ်ကိုအစွဲပြု၍သာလျှင်'ငါဖြစ်၏' ဟူသော ပပဉ္စတရားဖြစ်သနည်း၊ အစွဲမပြုမူ၍ကားမဖြစ်သနည်း။ ရုပ်ကိုအစွဲပြု၍ 'ငါဖြစ်၏'ဟူသော ပပဉ္စတရားဖြစ်၏၊ အစွဲမပြုမူ၍မဖြစ်။ ဝေဒနာကို။ သညာကို။

သင်္ခါရတို့ကို။ ဝိညာဏ်ကို အစွဲပြု၍သာလျှင် ‘ငါ ဖြစ်၏’ဟူသော ပပဥ္စတရား ဖြစ်၏၊ အစွဲမပြုမူ၍ကားမဖြစ်။

ငါ့သျှင်အာနန္ဒာ ဥပမာသော်ကား တန်ဆာဆင်ခြင်းသဘောရှိသော ငယ်ရွယ်ပျိုနုသော မိန်းမသော်၎င်း၊ ယောကျ်ားသော်၎င်း စင်ကြယ်တောက်ပသော မှန်၌ဖြစ်စေ၊ ကြည်လင်သော ရေခွက်၌ဖြစ်စေ မိမိမျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သော် (မှန်ကို)အစွဲပြု၍သာမြင်ရာ၏၊ ဤအတူပင် ရုပ်ကို အစွဲပြု၍သာ‘ငါဖြစ်၏’ဟူသော ပပဥ္စတရားဖြစ်၏၊ ဝေဒနာကို။ သညာကို။ သင်္ခါရတို့ကို။ ဝိညာဏ်ကို အစွဲပြု၍သာ‘ငါဖြစ်၏’ဟူသော ပပဥ္စတရားဖြစ်၏၊ အစွဲမပြုမူ၍ကားမဖြစ်။

ငါ့သျှင်အာနန္ဒာ ထိုအရာကို အဘယ်သို့မှတ်ထင်သနည်း။ ရုပ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါငါ့သျှင်။ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ်သည် မြဲသလော၊ မမြဲသလော။ မမြဲပါငါ့သျှင်။ပ။ ဤသို့ ရှုသောသူသည် ဤမဂ်ကိစ္စအလို့ငှါ တစ်ပါးသော ပြုဖွယ်မရှိပြီဟုသိ၏”ဟု ဆုံးမ၏။ ထိုအသျှင်သည် ငါတို့ကို ဤအဆုံးအမဖြင့်ဆုံးမ၏။ မန္တာဏီ ပုဏ္ဏေးမ၏သား အသျှင်ပုဏ္ဏ၏ ဤတရားဒေသနာကို ကြားနာရ၍ ငါသည် တရားကိုသိရ၏ဟု(မိန့်ဆို၏)။

## သံယုတ္တနိကာယ် နိဒါနဝဂ္ဂသံယုတ်ပါဠိတော် အာဟာရဝဂ်
## “ကစ္စာနဂေါတ္တသုတ်”

သာဝတ္ထိပြည်၌ (သီတင်းသုံး) နေတော်မူ၏၊ ထိုအခါ အသျှင်ကစ္စာနဂေါတ္တ သည်မြတ်စွာဘုရား ထံသို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသော နေရာ၌ ထိုင်ပြီးသော်မြတ်စွာဘုရားအား “အသျှင်ဘုရား မှန်သောအမြင် ‘သမ္မာဒိဋ္ဌိ’ မှန်သောအမြင် ‘သမ္မာဒိဋ္ဌိ’ ဟူ၍ ဆိုပါ၏၊ အသျှင်ဘုရား အဘယ်မျှဖြင့် မှန်သောအမြင် ‘သမ္မာဒိဋ္ဌိ’

ဖြစ်ပါသနည်း”ဟု ဤစကားကို လျှောက်၏။

## လောက အယူမရှိပုံ

ကစ္စာန ဤသတ္တဝါအပေါင်းသည် များသောအားဖြင့် ရှိသည်၏အဖြစ်ကိုငှင်း၊ မရှိသည်၏အဖြစ်ကိုငှင်း နှစ်ပါးကို မှီ၏။ ကစ္စာန သင်္ခါရ လောက၏ ဖြစ်ပေါ်ကြောင်းကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သောသူအား သင်္ခါရလောက၌ မရှိဟူသောအယူသည် မဖြစ်။ ကစ္စာန သင်္ခါရ လောက၏ချုပ်ငြိမ်းရာကို ဟုတ်မှန်သောအတိုင်း ကောင်းသောပညာဖြင့် မြင်သောသူအား (သင်္ခါရ) လောက၌ ရှိ၏ဟူသော အယူသည် မဖြစ်။

ကစ္စာန ဤသတ္တဝါ အပေါင်းကို ကပ်ရောက်မှု ‘ဥပယ’၊ ပြင်းစွာစွဲလမ်းမှု ‘ဥပါဒါန်’၊ နှစ်မြုပ်စူးဝင်မှု ‘အဘိနိဝေသ’ တို့သည် သတ္တဝါ အပေါင်းကို များသော အားဖြင့် နှောင်ဖွဲ့အပ်၏။ ဤအရိယာ တပည့်သည်ကား စိတ်၏တည်ရာ နှစ်မြုပ်စူးဝင်ရာ ကိန်းအောင်းရာ ဖြစ်သော ထိုကပ်ရောက်မှု ‘ဥပယ’၊ ပြင်းစွာ စွဲလမ်းမှု ‘ဥပါဒါန်’ကို “ငါ၏အတ္တတည်း” ဟု မကပ်ရောက်၊ မစွဲလမ်း၊ မဆောက်တည်။ “ ဖြစ်ခဲ့သော် ဆင်းရဲသာဖြစ်၏၊ ချုပ်ခဲ့သော် ဆင်းရဲသာချုပ်၏” ဟု ယုံမှားမှု မရှိ၊ တွေးတောမှု မရှိ။ ဤအရာ၌ ထိုပုဂ္ဂိုလ်အား သူတစ်ပါးကို အားထား၍ ယုံကြည်သည်မဟုတ်၊ (ကိုယ်တိုင်) သိခြင်းသာဖြစ်၏။ ကစ္စာန ဤမျှဖြင့် မှန်သောအမြင် ‘သမ္မာဒိဋ္ဌိ’ ဖြစ်၏။

## ရှိမှုနှင့်မရှိမှု အစွန်းနှစ်ပါး

ကစ္စာန “အလုံးစုံသည် ရှိ၏” ဟူသော ဤအယူသည် တစ်ခုသောအစွန်းပေတည်း၊ “အလုံးစုံသည် မရှိ”ဟူသော ဤအယူသည်လည်း နှစ်ခုမြောက်ဖြစ်သော အစွန်းပေတည်း။ ကစ္စာန ဤနှစ်ပါးသော အစွန်းတို့ကို မကပ်ရောက်မူ၍ အလယ် အလတ်အားဖြင့် မြတ်စွာဘုရားသည် တရားဟောတော်မူ၏၊ မသိမှု ‘အဝိဇ္ဇာ’အ ကြောင်းခံကြောင့် ပြုစီရင်မှု ‘သင်္ခါရ’တို့ ဖြစ်ကုန်၏၊ ပြုစီရင်မှု

'သင်္ခါရ' အကြောင်းခံ ကြောင့် သိမှု 'ဝိညာဏ်' ဖြစ်၏။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်ပေါ်၏၊ မသိမှု 'အဝိဇ္ဇာ' ၏သာလျှင် အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် ပြုစီရင်မှု 'သင်္ခါရ'တို့ ချုပ်ကုန်၏၊ ပြုစီရင်မှု 'သင်္ခါရ' တို့ချုပ်ခြင်းကြောင့် သိမှု'ဝိညာဏ်'ချုပ်၏။ပ။ ဤသို့လျှင်အလုံးစုံသော ဆင်းရဲအစုချုပ်၏ ဟု(ဟောတော်မူ၏)။